နိဗ္ဗာန သစ္ဆိကိရိယာ စ ဧတံ မင်္ဂလ မုတ္တမံ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၅ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်၊ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၉၁)၊ အမှတ် (၈၅)

လွတ်လပ်ရေးနှင့် ခေတ်မီတပ်မတော်

လူသားတို့ရဲ့ သမိုင်းကိုလေ့လာရင် ကိုယ့်မိသားစု ကိုယ်ကာကွယ်ရတဲ့ သဘာဝနဲ့ ကိုယ့်အသိုင်းအဝိုင်းကို စုပေါင်းကာကွယ်ဖို့လိုအပ်ချက်တွေကြောင့် ကာကွယ်ရေး တာဝန်အတွက် စုဖွဲ့မှုတွေပေါ်ပေါက်ခဲ့တယ်။ ဒါကြောင့်လဲ သမိုင်းဦးကာလကစပြီး ယနေ့ထက်တိုင်အောင် လွတ်လပ်တဲ့ လူမျိုးတိုင်း၊ နိုင်ငံတိုင်းမှာ တပ်မတော်ဆိုတာ မရှိမဖြစ် လိုအပ်ခဲ့တယ်။

မျက်မှောက်ခေတ် ကမ္ဘာ့ဖြစ်စဉ်ဖြစ်ရပ်တွေကို ကြည့်မယ်ဆိုရင် စစ်အင်အားသုံးပြီး ပြဿနာဖြေရှင်းမှုတွေဟာ ရှိနေဆဲပဲဖြစ်တယ်။ ဒါကြောင့်လဲ ကမ္ဘာ့နိုင်ငံအသီးသီးဟာ ကိုယ့်နိုင်ငံကိုယ်ကာကွယ်နိုင်ဖို့ ကြိုးပမ်းနေကြရတယ်။

တို့နိုင်ငံသမိုင်းမှာဆိုရင်လဲ ခေတ်မီတဲ့ အမြဲတမ်း တပ်မတော်မရှိခဲ့လို့ လွတ်လပ်ရေးကို အလွယ်တကူဆုံးရှုံးခဲ့ရတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာဆိုတာ အစဉ်အမြဲ သတိကြီးစွာ ထားပြီး စောင့်ထိန်းအပ်တဲ့ အရာဖြစ်တယ်။ တို့နိုင်ငံတော်ရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို အကြွင်းမဲ့ ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီတပ်မတော်အဖြစ် ဆက်လက်တည်ဆောက်လျက်ရှိတယ်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ တပ်မတော်ဟာလဲ အချိုးညီညီ ခေတ်မီတိုးတက်လာဖို့ လိုအပ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၅)သင်တန်းဆင်းပွဲမိန့်ခွန်းမှ

တိုင်းရင်းဆေးတက္ကသိုလ်အဆောက်အအုံကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တိုင်းရင်းဆေးတက္ကသိုလ် အဆောက်အအုံဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (အပေါ်ပုံနှင့်အောက်ပုံ) **(သတင်းစဉ်)**

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တိုင်းရင်းဆေးတက္ကသိုလ်တည်ဆောက်ရေးလုပ်ငန်းနှင့် မန္တလေးစက်မှုဇုန်စစ်ဆေး တိုင်းရင်းဆေးပညာရှင်များ တိုးတက်နေသည့်ကမ္ဘာကြီးနှင့်အမီလိုက်၍ ဆေးဝါးနှင့်ကုထုံးသစ်များဖော်ထုတ်ပြည်ပသွင်းကုန်ပစ္စည်းများအပေါ် မှီခိုအားထားနေရမှုကို တစ်ဆင့်ပြီးတစ်ဆင့်လျှော့ချရန် လမ်းညွှန်မှာကြား

ရန်ကုန် ဒီဇင်ဘာ ၂၃

မန္တလေးမြို့တွင်ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်မြတ်ဟိန်း၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ

စာမျက်နှာ ၃ ကော်လံ ၁ ✡



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

ကမ္ဘာ့အကြီးဆုံး တမံစာရင်းဝင် ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း သတ်မှတ်ကာလအတွင်း ပြီးစီးရေး ကြိုးပမ်းတည်ဆောက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် ၁၂ရပ် ချမှတ်၍ ဘက်စုံထောင့်စုံ ကဏ္ဍစုံမှ အရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်လျက် ရှိသည်။

ခေတ်မီနိုင်ငံတော် တည်ဆောက်ရာတွင် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာ၌ လျှပ်စစ်စွမ်းအားသည် အရေးပါသည့် ကဏ္ဍတစ်ရပ်ဖြစ်သည်။ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍကို အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်လာစေရန် လျှပ်စစ်စွမ်းအားကဏ္ဍက ထိထိရောက်ရောက် အထောက်အကူပြုနိုင်ရန် လိုအပ်ပေသည်။

တိုးတက်မြင့်မားလာသည့် လူနေမှုအဆင့်အတန်းနှင့်အညီ ပြည်သူလူထု၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ၂၀၀၁-၂၀၀၂ခုနှစ်မှ စတင်အကောင်အထည်ဖော်လျက်ရှိသည့် တတိယကာလတို ငါးနှစ်စီမံကိန်းကာလအတွင်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀၀ ထုတ်လုပ်နိုင်ရေးအတွက် အလတ်စားနှင့် အကြီးစားလျှပ်စစ်စီမံကိန်းများကို ချမှတ်တည်ဆောက်ခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဒီဇင်ဘာလ၂၀ရက် နံနက်ပိုင်းက မန္တလေးမြို့ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ ရဲယမန်းကျေးရွာအနီး မြစ်ငယ်မြစ်၌ တည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာ၌ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက လမ်းညွှန်မှာကြားရာတွင်-

"စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင်၊ အရည်အသွေး စံချိန်စံညွှန်း ကောင်းမွန်သည့် စီမံကိန်းလုပ်ငန်းကြီးဖြစ်အောင် နေ့ရောညပါ ကြိုးပမ်းတည်ဆောက်သွားကြရမည် ဖြစ်ကြောင်း၊ အခြားဝန်ကြီးဌာနများကလည်း ရဲရွာရေအားလျှပ်စစ်စီမံကိန်းအတွက် လိုအပ်သည်များကို ဦးစားပေး ပံ့ပိုးဖြည့်ဆည်းပေးသွားရန်လိုကြောင်း၊ ထို့ပြင် ဤစီမံကိန်းတွင် အသုံးပြုမည့် ပိုဇိုလန်ကို အခြားတည်ဆောက်ရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရေး၊ စီးပွားဖြစ် ထုတ်လုပ်ရောင်းချရေး အတွက်လည်း စီစဉ်ကြရမည်ဖြစ်ကြောင်း၊ ရဲရွာရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်မှုများကို စနစ်တကျ မှတ်တမ်းမှတ်ရာ ပြုစုထားရှိသွားရန်လည်းလိုကြောင်း"

မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ပင်မတမံစီမံကိန်းလုပ်ငန်း၌ အသုံးပြုမည့် ဘိလပ်မြေ၊ သဲနှင့် ပိုဇိုလန်သုံးမျိုး ရောစပ်ပြုလုပ်ထားသည့် ကွန်ကရစ်တုံးနမူနာများကို ရှင်းလင်းပြသသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရေတားနံရံ တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ ရေတားပန်းတာတည်ဆောက်ပြီးစီးမှု အခြေအနေများ၊ ပင်မတမံ တည်ဆောက်မည့်နေရာနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၇၉၀ ထုတ်ယူရရှိမည် ဖြစ်သည်။ ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းတွင် မြစ်ငယ်မြစ်ကိုပိတ်မည့် ပင်မတမံအမျိုးအစားမှာ ကွန်ကရစ်တမံ အမျိုးအစားဖြစ်ပြီး တည်ဆောက်ပြီးစီးပါက ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့၌ တည်ဆောက်ပြီးသော Roller Compacted Concrete Dam များကဲ့သို့ပင် ကမ္ဘာ့အကြီးဆုံးစာရင်းဝင် ရေလှောင်တမံ ဖြစ်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကမ္ဘာ့အကြီးဆုံး ရေလှောင်တမံစာရင်းဝင် ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို စံချိန်စံညွှန်းကောင်းမွန်ပြီး သတ်မှတ်ကာလအတွင်းပြီးစီးရေး ကြိုးပမ်းတည်ဆောက်သွားကြရန်နှင့် စီမံကိန်းတွင်အသုံးပြုမည့် ပိုဇိုလန်ကို အခြားလုပ်ငန်းများ၌ အသုံးပြုနိုင်ရေးနှင့် စီးပွားဖြစ်ရောင်းချနိုင်ရေး တီထွင်ကြံဆ အားထုတ်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မကွေးတိုင်းအတွင်းရှိ ရေနံမြေနှင့်ရေနံချက်စက်ရုံများ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းငွေး လှည့်လည်စစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၃

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းငွေးသည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၁၇ ရက်က ကျော်စွာဓာတ်မြေသြဇာစက်ရုံနှင့် စလေဓာတ်မြေသြဇာစက်ရုံတို့သို့ ရောက်ရှိစစ်ဆေးခဲ့ပြီး ကုန်ထုတ်တိုးတက်ရေးနှင့် အလေအလွင့်ထိန်းသိမ်းရေး၊ စက်ရုံများ ကြံ့ခိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ချောက်ရေနံမြေ

ဒုတိယဝန်ကြီးသည် ဒီဇင်ဘာ ၁၈ ရက်တွင် ချောက်ရေနံမြေ အမှတ်(၂) ဝန်ထမ်းအပန်းဖြေခန်းမ၌ ချောက်ရေနံချက်စက်ရုံနှင့် ချောက်ရေနံမြေရှိ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံ၍ ဝန်ကြီးဌာနမှ သတ်မှတ်ပေးထားသော ကုန်ထုတ်လုပ်မှု လျာထားချက်များ ပြည့်မီအောင် ကြိုးစားလုပ်ကိုင်ကြရန်၊ မသမာမှုများ၊ အလေအလွင့်များ မဖြစ်ပွားအောင် ထိန်းသိမ်းကြရန် မှာကြားခဲ့ပြီး **(အပေါ်ပုံ)** ချောက်ရေနံချက်စက်ရုံနှင့် ချောက်ရေနံမြေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မန်းသံပုရာကန်

ဒီဇင်ဘာ ၁၉ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် မန်းသံပုရာကန် ရေနံချက်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ထောက်ရှာပင်

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ထောက်ရှာပင်ကမ်းနီ ရေနံမြေသို့ ရောက်ရှိပြီး ရေနံမြေ အထွေထွေ မန်နေဂျာ ဦးမြတ်စံက ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ရေနံနှင့် သဘာဝဓာတ်ငွေ့တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်နှင့် အလေအလွင့် ဆုံးရှုံးမှုမရှိစေရေး မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မင်းဘူးမြို့ရှိ ဓာတ်ငွေ့ရည်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံဝန်ထမ်းများနှင့် တွေ့ဆုံကာ ထုတ်ကုန်တိုးတက်ရေးကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မန်းရေနံမြေသို့ ရောက်ရှိခဲ့ပြီး ရေနံမြေအထွေထွေမန်နေဂျာ ဦးကြည်ရှိန်က ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု အခြေအနေကိုရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက အထွက်တိုးထုတ်လုပ်ရေး မှာကြားသည်။ **(သတင်းစဉ်)**

ဓနုကန်းအထက အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၃

ဓနုကန်းမြို့ အထက်တန်းကျောင်း၌ အမှုထမ်းပြီး အငြိမ်းစားယူခဲ့ကြသော ဆရာ ဆရာမကြီးများ၏ ဂုဏ်ကျေးဇူးကို အစဉ်သတိရ၍ (၂၅)ကြိမ်မြောက် ငွေရတုသဘင် အာစရိယပူဇော်ပွဲကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၄ရက်တွင် ဓနုကန်းမြို့ အထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ တပည့် ကျောင်းသားကျောင်းသူဟောင်းများသည် ဓနုကန်းမြို့ ဦးကံချွန်(နိုင်ကံချွန်ဆေးဆိုင်)၊ ဦးမြင့်အောင် ပန်းဖြူဆေးဆိုင်၊ ဦးသိန်းမြင့် (စစ်မှုထမ်းဟောင်း)၊ရန်ကုန်မြို့ ဦးအုန်းကျော် ဖုန်း-၅၇၃၀၂၁၊ ဦးကျော်ဝင်း ဖုန်း-၂၀၀၀၂၉၊ ဦးထွန်းအောင် ဖုန်း-၅၀၁၅၃၆၊ ဦးအေး ဖုန်း-၅၃၃၂၄၇၊ ဒေါ်သန်းအိ ဖုန်း-၅၀၀၄၄၇ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်အောင်အထက ရွှေရတု မြတ်ဆရာပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၃

မြန်အောင်အထက၏ နှစ်(၅၀)ပြည့်ရွှေရတုပွဲတော်ကို ဒီဇင်ဘာ ၂၆ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ပွဲတော်တွင် ပဒေသာ ကပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ၂၆ရက်ဖွင့်ပွဲနေ့တွင် ရွှေရတုဘုရားခန်းဖွင့်ပွဲ၊ ကျောက်စာတိုင်ဖွင့်ပွဲ၊ ပြခန်းဖွင့်ပွဲများနှင့် ၂၈ရက်တွင် မြတ်ဆရာများအား ဒုတိယအကြိမ် ပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲများ ပြုလုပ်သွားမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန်မှ စုပေါင်းသွားမည့်အစီအစဉ်ရှိရာ လိုက်ပါလိုသူများသည် ဦးခင်မောင်ညို တိုက်၃၃/ဂ ဝေဠုဝန်အိမ်ရာ၊ ဗိုလ်မှူးမြင့်သိန်း(ငြိမ်း)ဖုန်း-၅၅၅၂၀၆၊ ၀၉-၅၀၀-၃၅၈၉ နှင့် ဦးရန်အေး(နီလာရွှေဆိုင်) ဖုန်း-၂၈၁၀၈၆ တို့သို့ ဆက်သွယ်ကြရန်နှင့် ဦးထွန်းလင်း(ရွှေနဂါး)မြန်အောင်ဖုန်း(၂၂၇)၊ ဦးခင်မောင်ဝင်း(ရွှေမင်းသား) နေခြည်ဈေးဖုန်း(၃၀၀)နှင့် ဦးအောင်မျိုးညွန့် (ရွှေ-ရွှေ-ရွှေ သကၤန်းတိုက်) နေခြည်ဈေးဖုန်း(၃၉၅)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဒီရေဦးစာပေမှ ထုတ်ဝေပြီး မျိုးဆက်သစ်စာပေ ဖုန်း-၂၄၈၉၄၁ က ဖြန့်ချိသည့် မောင်စိုးသစ်၏ စာနယ်ဇင်းသမားတစ်ယောက်ဖြစ်ဖို့ စာအုပ်မျက်နှာဖုံး။

(က-ပ)

အိမ်မဲမြို့နယ်အသင်း ဆုနှင်းပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၃

အိမ်မဲမြို့နယ်အသင်း၏ ရည်ရွယ်ချက်များတွင် အဝေးရောက်မြို့နယ်သူ မြို့နယ်သားများနှင့် ဇာတိနယ်မြေတွင် နေထိုင်လျက်ရှိသော မြို့နယ်သူမြို့နယ်သားများ ပူးပေါင်း၍ မြို့နယ်အကျိုး ပါဝင်သယ်ပိုးရန် ရည်ရွယ်ချက်တစ်ရပ် ပါရှိရာ ယင်းရည်ရွယ်ချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ၂၀၀၂ ခု ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေးစီမံချက်၊ အိမ်မဲမြို့နယ် ငွေပဒေသာပင်သို့ ကျပ်တစ်သိန်းထည့်ဝင်လှူဒါန်းခြင်းနှင့်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသည့် ကျောင်းသားကျောင်းသူများအား ၂၀၀၂ ခုနှစ်မှ စ၍ ဂုဏ်ပြုဆုများ ချီးမြှင့်ခြင်း ပြုလုပ်လျက်ရှိရာ ၂၀၀၃ ခု တက္ကသိုလ်ဝင်စာမေးပွဲဒုတိယအကြိမ် ဂုဏ်ထူးဆု ချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၈ ရက်တွင် အိမ်မဲအထက အာစရိယပူဇော်ပွဲ၌ ကျင်းပရန် စီစဉ်ထားသည်။ **(က-ပ)**

မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီးကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မန္တလေးအထွေထွေ ရောဂါကု ဆေးရုံကြီးတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ



ဆရာဝန်များက ပြည်သူများအား ထိရောက်ကျွမ်းကျင်စွာကုသစောင့်ရှောက်သွားနိုင်ရန်ကြိုးပမ်း နိုင်ငံတော်တည်ဆောက်ရာ၌ ကျန်းမာကြံ့ခိုင်သော ထက်မြက်သည့်လူ့အရင်းအမြစ်များစွာလိုအပ်

✡ **ရွှေ့ဖုံးမှ**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဒီဇင်ဘာ၂၁ရက် နံနက်၉နာရီ ၁၅မိနစ်တွင် မန္တလေးမြို့ရှိ တိုင်းရင်းဆေးတက္ကသိုလ်တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်နှင့်ဌာနအကြီးအကဲများ၊ တိုင်းရင်းဆေးတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့်ပါမောက္ခများ၊ ကထိကများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား တိုင်းရင်းဆေးတက္ကသိုလ် တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဒေါက်တာကျော်မြင့်က တိုင်းရင်းဆေးတက္ကသိုလ်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ၊ မြန်မာ့ဆေးစွမ်းကောင်းများပေါ်ထွက်ရေး၊ ကုထုံးသစ်များပေါ်ပေါက်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများ၊ ဖွင့်လှစ်ပြီးတိုင်းရင်းဆေးရုံနှင့် ဆေးကုဌာနများ၊ ကုသပေးလျက်ရှိသည့် ရောဂါများ၊ တိုင်းရင်းဆေးတက္ကသိုလ်တွင် သင်ကြားပေးလျက်ရှိသည့် ဘာသာရပ်များ၊ တိုင်းရင်းဆေးသိပ္ပံတွင် တိုင်းရင်းဆေး ဆရာတစ်နှစ်သင်တန်းနှင့် အခါအားလျော်စွာကျင်းပသော တစ်လကြာ လေ့ကျင့်ပညာပေးသင်တန်းများဖြင့် တိုင်းရင်းဆေးပညာသင်ကြားပေးနေမှုများ၊ ဆေးတက္ကသိုလ်များတွင် တိုင်းရင်းဆေးပညာ သင်ကြားပို့ချမှုများ၊ ပရဆေးဥယျာဉ်ပြုစုထူထောင်နေမှုများ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းဆောင်ရွက်မှုများ၊ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များကို အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား ရန်ကုန်မြို့နှင့် မန္တလေးမြို့အဆက်အသွယ်ပြု၍ Video Conferencing System ဖြင့် တိုင်းရင်းဆေးတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများအား သင်ကြားပို့ချနိုင်မှု အခြေအနေကို ရှင်းလင်းပြသကြသည်။

ထို့နောက် အစီအီးဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးတင့်ဆန်းက တိုင်းရင်းဆေးတက္ကသိုလ် အဆောက်အအုံတည်ဆောက်ခြင်း လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

တီထွင်ကြံဆဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် တိုင်းရင်းဆေးပညာရှင်များအနေဖြင့် အတွေးအခေါ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က မန္တလေးစက်မှုဇုန်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ဟောင်းများကို စွဲကိုင်မထားဘဲ တိုးတက်နေသည့် ကမ္ဘာကြီးနှင့်အမီလိုက်၍ ဆေးဝါးသစ်များ၊ ကုထုံးသစ်များဖော်ထုတ်နိုင်အောင် တီထွင်ကြံဆဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း။

တိုင်းရင်းဆေးပညာရပ်ကို ခေတ်မီသိပ္ပံပညာနှင့် ပေါင်းစပ်လုပ်ကိုင်ရမှာဖြစ်သကဲ့သို့ အခြားနိုင်ငံများ၏ တိုင်းရင်းဆေးပညာများနှင့်ပါ ပေါင်းစပ်၍ မြန်မာ့တိုင်းရင်းဆေး၏အခန်းကဏ္ဍ မြင့်မားတိုးတက်အောင် စွမ်းဆောင်ကြိုးပမ်းသွားရန် လိုကြောင်း။

တက္ကသိုလ်ဖြစ်သည့်အားလျော်စွာ သင်ကြားပို့ချသည့် ဘာသာရပ်များသည် အဆင့်အတန်းရှိရန်လိုအပ်ကြောင်း၊ အခြားနိုင်ငံများက လာရောက်လေ့လာပါကလည်း အသိအမှတ်ပြုလက်ခံနိုင်သည့် အဆင့်ရှိရမည်ဖြစ်ကြောင်း။

မိမိတို့ကလည်း အခြားနိုင်ငံများ၏ တိုးတက်နေသော တိုင်းရင်းဆေးပညာကို လေ့လာရမှာဖြစ်သကဲ့သို့ နိုင်ငံခြားမှ တိုင်းရင်းဆေးပညာရှင်များကိုလည်း အခါအားလျော်စွာ ဖိတ်ခေါ်၍ ကျောင်းသားများကို ပို့ချသွားစေသင့်ကြောင်း။

မိမိတို့၌ရှိနေသည့် ပညာရပ်အဆင့်အတန်းဖြင့်ပင် ကျေနပ်နေ၍မဖြစ်ကြောင်း၊ အဟောင်းများထဲ၌ တဝဲလယ်လယ်ဖြစ်မနေစေဘဲ အသစ်သစ်သော ပညာရပ်များတိုးတက်ဖြစ်ထွန်းလာအောင် ပေါင်းစပ်လေ့လာတီထွင် သွားကြရမှာဖြစ်ကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့်အဆင့်မြင့်မြင့်လေ့လာမှု၊ သင်ကြားမှုပြုလုပ်၍ တိုင်းရင်းဆေးပညာရှင်များအား မွေးထုတ်နိုင်ရန် စီမံသွားကြရမှာဖြစ်ကြောင်း။

ဆရာများ၏ အရည်အသွေးမြင့်မားပြီး သင်ရိုးညွှန်းတမ်းပါ ဘာသာရပ်များ အဆင့်အတန်းရှိမှသာ မိမိတို့၏ ကျောင်းသားများအနေဖြင့် ပညာရပ်

စာမျက်နှာ ၆ သို့

မြန်မာ့အလင်း
နိုင်ငံတကာသတင်းများ

ဘဂ္ဂဒက်၌ ဗုံးပေါက်ကွဲ၍ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး ဟက်ဘာနီယာမြို့၌ အမေရိကန်စစ်ယာဉ်တန်းကို ဗုံးထိမှန်ပေါက်ကွဲ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၂

အမေရိကန်တပ်ဖွဲ့ဝင်များကိုတိုက်ခိုက်ရန် လူစုသည်ဆိုသော စွပ်စွဲချက်များဖြင့် ယခင်အီရတ်စစ်တပ်မှ ဗိုလ်ချုပ်ကြီးဟောင်းတစ်ဦးကို အမေရိကန်တပ်များက ဖမ်းဆီးပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသည် ဒီဇင်ဘာ ၂၂ရက်က ဘဂ္ဂဒက်လမ်းဘေးတွင် ထောင်ထားသော ဗုံးပေါက်ကွဲထိမှန်သေဆုံးသွားခဲ့သည်။

ယင်းသို့ပေါက်ကွဲထိမှန်မှုကြောင့် အီရတ်စကားပြန်တစ်ဦး သေဆုံးသည့်အပြင် အခြားတပ်ဖွဲ့ဝင် နှစ်ဦးလည်း ဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။ ယင်းသို့ငါးရက်အတွင်း အမေရိကန်တပ်ဖွဲ့ဝင် ပထမဆုံးသေဆုံးသွားသည့်အတွက် မေ ၁ ရက်၌ စစ်ပွဲပြီးဆုံးခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၂၀၂ဦးရှိသွားပြီ ဖြစ်သည်။

ဖမ်းဆီး

ဖမ်းဆီးမိသောသူမှာ ယခင်အီရတ်ထောက်လှမ်းရေးဌာနမှ ဗိုလ်ချုပ်မမ်တက်ဇ် အယ်လ်တာဂျီဆိုသူဖြစ်ပြီး ဘဂ္ဂဒက်မြို့မြောက်ဘက် ၆၅ကီလိုမီတာရှိ ဘာကူဗာမြို့လယ်တွင် ညဘက်၌ ရှာဖွေစဉ် ဖမ်းဆီးမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ညွှန်ကြားခဲ့

၎င်းသည် ထိုဒေသတွင်းရှိ အမေရိကန်သိမ်းပိုက်တပ်များကို တိုက်ခိုက်ရန် ညွှန်ကြားမှုပေးခဲ့ကြောင်းနှင့် ယခင်အီရတ်တပ်ဖွဲ့ဝင်ဟောင်းများကို စုရုံးခဲ့ကြောင်း မသင်္ကာရသည်ဟု ဆိုသည်။

ဒဏ်ရာရ

အယ်လ်အန်ဘာပြည်နယ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းစဉ် အမေရိကန်တပ်ဖွဲ့ဝင်ရှစ်ဦး ဒဏ်ရာရကြောင်း အမေရိကန် စစ်ဘက်ကပြောကြားသည်။

ဟက်ဘာနီယာမြို့အနီး၌ အမေရိကန်စစ်ယာဉ်တန်းကို ဗုံးထိမှန်ပေါက်ကွဲသဖြင့် တပ်ဖွဲ့ဝင်တစ်ဦး ပြင်းထန်စွာ ဒဏ်ရာရခဲ့ပြီး အခြားတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာအနည်းငယ်ရကြောင်း စစ်ဘက်က ကြေညာချက်ထုတ်ပြန်သည်။

(အင်တာနက်)

ဒီဇင်ဘာ ၂၂ရက်က အီရတ်နိုင်ငံ တီကရစ်မြို့ မြို့တော်ခန်းမအပြင်ဘက်တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင်သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်၄၆၃ဦးရှိပြီ

ဝါရှင်တန် ဒီဇင်ဘာ ၂၃

အီရတ်စစ်ပွဲ စတင်ခဲ့သည့်အချိန်မှစပြီး အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေသည် ဒီဇင်ဘာ ၂၂ရက် တနင်္လာနေ့ရောက်ချိန်၌ ၄၆၃ ဦးရှိကြောင်း၊ ယင်းအနက် ၃၁၇ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၁၄၆ဦးမှာ တိုက်ပွဲ၌ မဟုတ်ဘဲ သေဆုံးကြောင်း သိရသည်။

အီရတ်၌ စစ်ပွဲပြီးဆုံးကြောင်း အမေရိကန်က ကြေညာခဲ့သည့် မေ ၁ရက် သို့မဟုတ် မေ ၁ရက်မှစပြီး အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင် ၃၂၅ဦး သေဆုံးခဲ့ရာ ၂၀၂ဦးမှာ တိုက်ပွဲ၌သေဆုံးခြင်းဖြစ်ပြီး ၁၂၃ဦးမှာ တိုက်ပွဲ၌ မဟုတ်ဘဲ သေဆုံးသည်ဟု ဆိုသည်။

စစ်ပွဲစတင်ခဲ့ချိန်မှစပြီး တိုက်ပွဲ၌ ဒဏ်ရာရရှိခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၂၃၁၀ ဖြစ်ပြီး တိုက်ပွဲ၌မဟုတ်ဘဲ ဒဏ်ရာရခဲ့သူ အရေအတွက်မှာ ၃၆၉ဦး ဖြစ်ကြောင်း သိရသည်။

ဗြိတိသျှတပ်ဖွဲ့ဝင် ၅၂ ဦး၊ အီတလီ ၁၇ ဦး၊ စပိန် ရှစ်ဦးနှင့် ဒိန်းမတ်၊ ယူကရိန်းနှင့် ပိုလန်တို့တစ်ဦးစီ သေဆုံးကြောင်းလည်း သိရသည်။ (အင်တာနက်)

အမေရိကန်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်ခံရနိုင်မှုအန္တရာယ် အဝါရောင်မှ လိမ္မော်ရောင်အဆင့်သို့ တိုးမြှင့်သတ်မှတ်

နယူးယောက် ဒီဇင်ဘာ ၂၂

အမေရိကန်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုအန္တရာယ် သတိပေးအဆင့် သတ်မှတ်ချက်ကို အဝါရောင်မှ လိမ္မော်ရောင်သို့ အဆင့်တိုးမြှင့်လိုက်ကြောင်း သိရသည်။ ရရှိထားသော သတင်းအချက်အလက်များအရ ယခုတိုက်ခိုက်မှုသည် ၂၀၀၁ခုနှစ်က အကြမ်းဖက်တိုက်ခိုက်မှုထက် ပိုမိုပြင်းထန်ဖွယ် ရှိကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

အမေရိကန်ပြည်ထောင်စု၏ ပြည်တွင်းလုံခြုံရေးဝန်ကြီးဌာနဝန်ကြီး တွမ်ရစ်ချ်က အကြမ်းဖက်တိုက်ခိုက်မှုများ မြင့်တက်လာဖွယ်ရှိကြောင်း ထောက်လှမ်းရေးသတင်းများက ညွှန်ပြနေကြောင်း၊ ထို့ကြောင့်တစ်နိုင်ငံလုံးတွင် အကြမ်းဖက်မှုအန္တရာယ် သတိပေးအဆင့်မြှင့်ထားကြောင်း ထုတ်ပြန်ကြေညာခဲ့ကြသည်။

အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် လေယာဉ်များကို လက်နက်သဖွယ်သုံးစွဲလာနိုင်ကြောင်းနှင့် အားလပ်ရက် ခရီးသွားများအတွက် ပိုမိုတင်းကျပ်သည့် လုံခြုံရေးစည်းမျဉ်းများနှင့် နှောင့်နှေးမှုများရင်ဆိုင်ရန် မျှော်လင့်ထားသည်ဟု တွမ်ရစ်ချ်က ပြောကြားခဲ့သည်။

နယူးယောက်မြို့၌လည်း လုံခြုံရေးတင်းကျပ်ထားပြီး အဓိက နေရာများနှင့် ဘဏ္ဍာရေးအဖွဲ့အစည်းများ ရုံးစိုက်ရာ နေရာများတွင် ရဲအဖွဲ့အင်အား တိုးမြှင့်ချထားမည်ဖြစ်ကြောင်း မြို့တော်ဝန်က ကြေညာခဲ့သည်။

ယခု အန္တရာယ်သတိပေးအဆင့် သတ်မှတ်ချက်တိုးမြှင့်မှုသည် ခြောက်လအတွင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

(စီအင်န်အင်န်)

အီရတ်၏ ကြွေးမြီပြဿနာ ဖြေရှင်းရေး ရုရှားနှင့်အီရတ် နှစ်နိုင်ငံဆွေးနွေးမည်

မော်စကို ဒီဇင်ဘာ ၂၂

အဆင့်မြင့်အီရတ်အရာရှိများ ပါဝင်သော အီရတ်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံ မော်စကိုမြို့သို့ ရောက်ရှိနေပြီး နိုင်ငံ၏ကြွေးမြီပြဿနာ ဖြေရှင်းရေးကို အဓိကထားကာ ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ နှစ်နိုင်ငံစလုံးသည် ယနေ့တွေ့ဆုံဆွေးနွေးရန် ပြင်ဆင်ထားကြောင်း၊ ရုရှားနိုင်ငံအပေါ် အီရတ်ကပေးရန်ရှိသော ဒေါ်လာရှစ်ဘီလီယံထဲမှ အချို့အဝက်ကို လျှော့ပေါ့ပေးမည့်ကိစ္စနှင့် ပတ်သက်ပြီး ပြောဆိုဆွေးနွေးရန် ရုရှားနိုင်ငံက ပြင်ဆင်နေကြောင်း သိရသည်။

အီရတ်နိုင်ငံနှင့် ရုရှားနိုင်ငံအကြား ပိုမိုကောင်းမွန်သော ဆက်ဆံရေးရရှိလာရန်နှင့် ပြန်လည်ပူးပေါင်းဆောင်ရွက်သွားရန် အီရတ်တို့က မျှော်လင့်ကြောင်း အီရတ်အုပ်ချုပ်မှုကောင်စီ ဝင်တစ်ဦးက ပြောကြားခဲ့သည်။ ယင်းတွေ့ဆုံဆွေးနွေးပွဲတွင် ရုရှားနိုင်ငံသည် အမေရိကန်ဦးဆောင် တိုက်ခိုက်ခဲ့သော အီရတ်စစ်ပွဲကို အပြင်းအထန် ဆန့်ကျင်ကန့်ကွက်ထားပြီး အီရတ်နိုင်ငံပြန်လည်ထူထောင်ရေးကိစ္စရပ်နှင့် ပတ်သက်၍ သုံးသပ်သွားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။ **(စီအင်န်အင်န်)**

ဖမ်းဆီး

ဒီဇင်ဘာ ၂၂ရက်က အီရတ်နိုင်ငံ ကယ်ကွတ်မြို့တွင် သံသယရှိသော အီရတ်တစ်ဦးကို အမေရိကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးထားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေ တိုးတက်ရန် ဆီးရီးယားနှင့်အီရတ် ပူးပေါင်းဆောင်ရွက်သွားမည်

ဒမတ်စကတ် ဒီဇင်ဘာ ၂၂

အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေတိုးတက်စေရန်အတွက် ထောက်လှမ်းရေးသတင်းပေးခြင်း၊ နယ်စပ်ကို တင်းကြပ်ခြင်းနှင့် အီရတ်နိုင်ငံ၌ ရာဇဝတ်မှုကျူးလွန်ခဲ့သူများဟု မသင်္ကာသူများကို ပြန်ပို့ပေးခြင်းတို့ဖြင့် အကူအညီပေးရန် ဆီးရီးယားနိုင်ငံက ကမ်းလှမ်းထားကြောင်း အီရတ်အုပ်ချုပ်မှုကောင်စီက တနင်္ဂနွေနေ့၌ ပြောကြားလိုက်သည်။

ထောက်လှမ်းရေး ပူးပေါင်းဆောင်ရွက်ခြင်း၊ နယ်စပ်လုံခြုံရေး ဆောင်ရွက်ခြင်းနှင့် အီရတ်၌ ရာဇဝတ်မှုကျူးလွန်ခဲ့သူများ ပြန်ပို့ရေးတို့ကို မိမိတို့ တောင်းဆိုခဲ့ကြောင်း ဆီးရီးယား သမ္မတနှင့်ဆွေးနွေးအပြီး၌ အဗ္ဗဒူ အဇစ်အယ်လ်ဟာကင်မ်က ရိုက်တာသို့ ပြောကြားသည်။

လုံခြုံရေးတွင် အီရတ်နှင့်ပူးပေါင်းဆောင်ရွက်သွားရန် ဆီးရီးယားက ကတိပြုကြောင်း ဟာကင်မ်က ပြောကြားသည်။ သတင်းစာရှင်းပွဲ၌ ဟာကင်မ်ကပြောဆိုရာတွင် ဆီးရီးယားနိုင်ငံနှင့် လုံခြုံရေးစာချုပ်ကို အုပ်ချုပ်မှုကောင်စီက ချုပ်ဆိုလိုကြောင်း ပြောကြားသည်။

အီရတ်နိုင်ငံ ခံစားရသော လုံခြုံရေးကိစ္စများကို ဆီးရီးယားခံစားနိုင်ရာ အကြမ်းဖက်လုပ်ရပ်များနှင့် စိမ့်ဝင်မှုများကို ဟန့်တားရန် မိမိတို့ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း ၎င်းကပြောဆိုသည်။ ဆီးရီးယားသည် အုပ်ချုပ်မှုကောင်စီကို တရားဝင် အသိအမှတ်မပြုသော်လည်း အစိုးရအဖွဲ့ ရွေးချယ်သည့် အချိန်ထိ အီရတ်နှင့်ပူးပေါင်းသွားရန် ဆန္ဒရှိကြောင်း ပြောဆိုသည်။ **အမ်အင်အေ၊ရိုက်တာ**

ဒီဇင်ဘာ ၂၂ရက်က ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက် မိုင်၁၄၀ အကွာရှိ ဘေဂျီမြို့မြောက်ဘက် ၂၅မိုင်အကွာတွင် ရေနံပိုက်လိုင်း တစ်ခု မီးလောင်ကျွမ်းနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ရှိ ရေနံပိုက်လိုင်းများ တိုက်ခိုက်ခံနေရ လုံခြုံရေးအခြေအနေ ပိုမိုဆိုးရွားနေဆဲဖြစ် တောင်ကိုရီးယားပြည်သူများ စစ်ပွဲကိုဆက်လက်ဆန့်ကျင်

ဒီဇင်ဘာ ၂၀ရက်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ အမေရိကန် သံရုံးရှေ့၌ ရာပေါင်းများစွာသော စစ်ဆန့်ကျင်သူများက အီရတ်စစ်ပွဲ အဆုံးသတ်ရန် တောင်းဆိုနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း



အီရတ် မြင်ကွင်း

အီရတ်စစ်ပွဲ စတင်ခဲ့သည့်အချိန်မှစပြီး အီရတ်၌ သေဆုံးသော အမေရိကန် တပ်ဖွဲ့ဝင် ဦးရေသည် ဒီဇင်ဘာ ၂၂ရက် တနင်္လာနေ့ ရောက်ချိန်၌ ၄၆၃ဦး ရှိသည်။ ယင်းအနက် ၃၁၇ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၁၄၆ဦးမှာ တိုက်ပွဲ၌ မဟုတ်ဘဲ သေဆုံးကြောင်း သိရသည်။

(ယာပုံမှာ ဒီဇင်ဘာ ၂၂ရက်က ဘဂ္ဂဒက် မြို့၌ မော်တော်ယာဉ်တစ်စီး တိုက်ခိုက်ခံရပြီးနောက် မီးလောင်ကျွမ်းနေစဉ်။) (ဓာတ်ပုံ- အင်တာနက်)

ဒီဇင်ဘာ ၂၂ရက်က ဘဂ္ဂဒက်မြို့ မြောက်ဘက် ၇၅မိုင်ခန့် အကွာရှိ ဆာမာရာမြို့ အနီး၌ ရေနံပိုက်လိုင်းတစ်ခု မီးလောင်ကျွမ်းနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒီဇင်ဘာ ၂၁ရက်က နာဂျက်ဖ်မြို့သို့ အလုပ်လုပ်ရန်သွားသော အီရတ် အမျိုးသမီးတစ်ဦး သေနတ်ပစ်ခံရသဖြင့် ဒဏ်ရာရရှိသွားပြီး ဆေးကုသမှု ခံယူနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စာမျက်နှာ ၃ မှ

များကို ပိုင်ပိုင်နိုင်နိုင်တတ်မြောက်သွားမှာဖြစ်ကြောင်း၊ သို့မှသာ တိုင်းရင်းဆေးတက္ကသိုလ်ကြီးသည် အသွင်သဏ္ဌာန်ရော၊ အနှစ်သာရပါပြည့်စုံသွားမှာဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် တိုင်းရင်းဆေးတက္ကသိုလ်ကို တက္ကသိုလ်အဆင့်အတန်းနှင့်လျော်ညီအောင် လိုအပ်သည်များကို ဆက်လက်ပံ့ပိုးဖြည့်ဆည်းပေးသွားမှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် တိုင်းရင်းဆေးတက္ကသိုလ်ပုံစံငယ်ကိုလည်းကောင်း၊ တိုင်းရင်းဆေးတက္ကသိုလ်အဆောက်အအုံဆောက်လုပ်ပြီးစီးမှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ရောက်ရှိကြပြီး ရှေးဦးစွာ ဆီးကျောက်ခြေစက်ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆောင်ရွက်နေမှုနှင့် ဆရာဝန်နှင့်လူဦးရေအချိုးအစားအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်က မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၏ ကုသရေးနှင့်သင်ကြားရေးဆိုင်ရာများတွင် အဆင့်မြင့်တင်ဖြည့်ဆည်းဆောင်ရွက်ပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင်တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ပြီးလူတိုင်းသက်တမ်းစေ့နေနိုင်ရေးမှာ နိုင်ငံတော်၏ ကျန်းမာရေးဆိုင်ရာ ရည်မှန်းချက်ပင် ဖြစ်ကြောင်း၊ ဤရည်မှန်းချက်ပြည့်ဝအောင်မြင်အောင် ကျန်းမာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ဖိဖိစီးစီးဆောင်ရွက်

ယင်းသို့အကောင်အထည်ဖော်ရာ၌ ပညာပေးလုပ်ငန်း၊ ရောဂါကာကွယ်ရေးလုပ်ငန်း၊ ရောဂါကုသရေးလုပ်ငန်းစသည့် လုပ်ငန်းစဉ်သုံးရပ်ဖြင့် ထိထိ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေမဟာမုနိရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

(သတင်းစဉ်)

ခေတ်မီစက်ကိရိယာများဖြင့်ခေတ်မီကုန်ထုတ်လုပ်မှုနည်းစဉ်များပြောင်းလဲကျင့်သုံးရာနှုန်းပြည့် အမှီခိုကင်းသည့်ထုတ်လုပ်မှုမျိုးဖြစ်အောင်ရည်မှန်းချက်ထားရှိ

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဓာတ်မှန်ဌာနတွင် တပ်ဆင်ထားသည့် ခေတ်မီဓာတ်မှန်စက်များကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အကြောအဆစ်အထူးကုဌာနရှင်းလင်းဆောင်၌ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိဌာနများမှ ဌာနအကြီးအကဲများ၊ ဆေးရုံအုပ်ကြီးများနှင့် ပါမောက္ခ၊ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုဆရာမကြီးများနှင့်တွေ့ဆုံသည်။

ရောက်ရောက် ဖိဖိစီးစီး အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း။

လူဦးရေ ၁၂ သန်းကျော်ခန့်သာရှိခဲ့သော အချိန်အခါတွင် တိုင်းပြည်၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရန် ဖွဲ့စည်းထားခဲ့သည့် ကျန်းမာရေးဝန်ကြီးဌာန၏ စုဖွဲ့မှုပုံသဏ္ဌာန်ဟောင်းကို မိမိတို့ ပြုပြင်ပြောင်းလဲလျက်ရှိကြောင်း။

တိုင်းပြည်၏လူဦးရေမှာ တိုးတက်ပြောင်းလဲလျက်ရှိရာ ယခုအခါ ၅၃ သန်းကျော်ရှိလာပြီဖြစ်၍ ဝေဒနာရှင်ပြည်သူများအနေဖြင့် ရန်ကုန်မြို့

ပိုမိုကျယ်ပြန့်ထိရောက်လာ

တစ်ချိန်တည်းမှာပင် နိုင်ငံတော်ကြီး ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးချဲ့ထူထောင်ထားသော ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု၌လည်း ဆေးရုံများကို အဆင့်မြှင့်တင်ခြင်း၊ အထူးကုဆရာဝန်ကြီးများ တိုးချဲ့ခန့်ထားခြင်း၊ ခေတ်မီကုသရေးပစ္စည်းများတပ်ဆင်ပေးခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းမှာ ပိုမိုကျယ်ပြန့် ထိရောက်လာလျက်ရှိကြောင်း။

စာမျက်နှာ ၇ သို့



ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီး ဒေါက်တာကျော်မြင့်က မန္တလေးတိုင်း၌ ဆေးရုံများ၊ ကျန်းမာရေးဌာနများဖွင့်လှစ်၍ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ခုတင်(၈၀၀)ဆံ့ မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးကို ရန်ကုန်ဆေးရုံကြီးနှင့်အဆင့်တူညီစွာ ကုသရေးဆိုင်ရာ ခေတ်မီစက်ပစ္စည်းကိရိယာများဖြည့်ဆည်းတပ်ဆင်ထားမှု၊ ရောဂါရှာဖွေခြင်းနှင့်ကုသခြင်းတို့ကို အဆင့်မြင့်မြင့်လုပ်ကိုင်ဆောင်ရွက်နိုင်မှု၊ ကျန်းမာရေးပညာပေးလုပ်ငန်းများ

တစ်ခုတည်း၌သာ တည်ရှိသော ဆေးရုံကြီးများအပေါ် မှီခိုအားထားနေ၍ မဖြစ်တော့ကြောင်း။

အထူးကုဆေးရုံကြီးများ

ထို့ကြောင့် အထက်မြန်မာနိုင်ငံမှ ပြည်သူလူထုအတွက် မန္တလေးမြို့၌ပင် ရန်ကုန်မြို့နှင့်အဆင့်တူ ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်ရန် အထူးကုဆေးရုံကြီးများကို အဆင့်မြှင့်ထူထောင်ဖွင့်လှစ်ပေးခဲ့ရခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေရောဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရွှေသင်္ကန်းဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

တစ်ဖက်မှလည်း နိုင်ငံလူဦးရေနှင့် ကျန်းမာရေးဝန်ထမ်းအချိုးအစား ညီမျှစေရန် ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်များ၊ ကျောင်းများကို တိုးချဲ့ဖွင့်လှစ်၍ လိုအပ်သောပညာရှင် အရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိကြောင်း။

ခြုံလိုက်လျှင် နိုင်ငံတော်အပိုင်းကလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ဆရာဝန်များကလည်း ပြည်သူများအား ထိရောက်ကျွမ်းကျင်စွာကုသစောင့်ရှောက်သွားနိုင်ရန် လိုအပ်ကြောင်း။

နိုင်ငံတော်ကို တည်ဆောက်ရာ၌ စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများရရှိနေစေရန်မှာကျန်းမာကြံ့ခိုင်သောထက်မြက်သည့် လူ့အရင်းအမြစ်များစွာ လိုအပ်ကြောင်း။

ကြိုးကြိုးစားစားလုပ်ဆောင်

ထို့ကြောင့် နိုင်ငံတော်အပိုင်းက လူ့အရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးနှင့် လူတိုင်းကျန်းမာကြံ့ခိုင်စေရေးတို့ကို အလေးပေးလုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ရာ ကျန်းမာရေးဝန်ထမ်းများကလည်း မိမိတို့၏ အတွေ့အကြုံနှင့် အရည်အချင်းများကို အပြည့်အဝအသုံးချ၍ လူနာများ၏အသက်ကို ကယ်တင်စောင့်ရှောက်နိုင်အောင်၊ ရောဂါဘယကင်းဝေးပြီး ပြည်သူများသက်တမ်းစေ့နေနိုင်အောင် ကြိုးကြိုးစားစားလုပ်ကိုင်ကြစေလိုကြောင်းဖြင့် မှာကြားပြီး ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မန္တလေးစက်မှုဇုန်

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီခွဲတွင် မန္တလေးစက်မှုဇုန် ကနောင်စက်မှုခန်းမ၌ မန္တလေးစက်မှုဇုန်(၁)နှင့် စက်မှုဇုန်(၂)တို့မှ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က မန္တလေးစက်မှုဇုန်သို့ ၂၀၀၂ ခုနှစ် ဒီဇင်ဘာလတွင် ဗိုလ်ချုပ်မှူးကြီး ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်ခဲ့မှုများနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်ချက်များ၊ မန္တလေးစက်မှုဇုန်၏ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများအခြေအနေ၊ ခေတ်မီစက်ကိရိယာများ တပ်ဆင်အသုံးပြုနိုင်သည့်အခြေအနေနှင့်ကုန်ထုတ်လုပ်မှုအခြေအနေများ၊ မန္တလေးစက်မှုဇုန်တည်ရှိသည့် အောင်မြေသာစံမြို့နယ်၏ လူတစ်ဦးချင်း ဝင်ငွေတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် မိမိအနေဖြင့် မန္တလေးသို့ ရောက်ရှိသည့် အခါတိုင်း စက်မှုဇုန်သို့ ဝင်ရောက်ကြည့်ရှုလေ့ရှိကြောင်း။

ယင်းသို့ ကြည့်ရှုစစ်ဆေးသည့်အခါ ထုတ်လုပ်သည့်ပစ္စည်းများ၏ အရည်အသွေးတိုးတက်မှု၊ ကုန်ထုတ်လုပ်ငန်းတိုးတက်မှုနှင့် ထုတ်လုပ်မှုနည်းစဉ်ပြောင်းလဲတိုးတက်မှုတို့အပေါ် အခြေခံ၍လေ့လာဆန်းစစ်ခဲ့ကြောင်း။

တိုးတက်မှုရှိ

ယင်းဆန်းစစ်ချက်များအရ မန္တလေးစက်မှုဇုန်သည် တိုးတက်မှုရှိသည်ဟု သုံးသပ်ရရှိကြောင်း၊ အရေးကြီးသည်မှာ နှစ်စဉ် တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုရှိနေရန် ဖြစ်ကြောင်း။

သိပ္ပံပညာ၏ တီထွင်ဆန်းသစ်မှုများကြောင့် ကမ္ဘာကြီးသည် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ စက်မှုဇုန်များကလည်း ပိုမိုတိုးတက်မှုများ ရရှိလာအောင် ကြိုးပမ်းသွားရန်လိုကြောင်း။

အရေအတွက်များများထုတ်လုပ်

ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာ၌ ပစ္စည်းအမယ်သစ်(အမည်သစ်)များ တိုးချဲ့ထုတ်လုပ်နိုင်ရန်လိုအပ်သကဲ့သို့ နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ ကုန်ပစ္စည်းများကို အရေအတွက်များများ ထုတ်လုပ်နိုင်ရန်လိုအပ်ကြောင်း။

ထို့ပြင် ပစ္စည်းများကို ထုတ်လုပ်ရာ၌ ပြည်ပက သွင်းကုန်ပစ္စည်းများ အပေါ်မှီခိုအားထားနေရမှုကို တစ်ဆင့်ပြီးတစ်ဆင့် လျှော့ချပြီး မိမိပြည်တွင်း ဖြစ်ပစ္စည်းများဖြင့် အစားထိုးထုတ်လုပ်သွားနိုင်အောင် တီထွင်ကြံဆ ကြိုးစားသွားကြရန် ဖြစ်ကြောင်း၊ ခေတ်မီစက်ကိရိယာများဖြင့် ခေတ်မီကုန်ထုတ်လုပ်မှု နည်းစဉ်များပြောင်းလဲကျင့်သုံးလာမှုနှင့်အတူ ရာနှုန်းပြည့် အမှီခိုကင်းသည့် ထုတ်လုပ်မှုမျိုးဖြစ်အောင် ရည်မှန်းချက်ထားရှိရမှာဖြစ်ကြောင်း။

စက်မှုလုပ်ငန်းများကို ထူထောင်လုပ်ကိုင်ရာ၌ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ လယ်ယာလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများထုတ်လုပ်သည့် လုပ်ငန်းများကို ထူထောင်နိုင်ရန်လိုကြောင်း။

ထို့ပြင် လူသုံးကုန်ပစ္စည်းများထုတ်လုပ်သည့် လုပ်ငန်းများနှင့် စက်မှုလုပ်ငန်းကိုအထောက်အကူပြုသည့် စက်ပစ္စည်းကိရိယာထုတ်လုပ်သည့် လုပ်ငန်းများကို ထူထောင်၍ လိုအပ်သောပစ္စည်းများကို အရည်အသွေးရှိရှိတိုးချဲ့ ထုတ်လုပ်သွားနိုင်ရမှာဖြစ်ကြောင်း။

သို့မှသာ စက်မှုနိုင်ငံအဖြစ် ကူးပြောင်းဖြစ်ပေါ်ပြီး ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်းမြင့်မားကာ ခေတ်မီတိုးတက်သောနိုင်ငံဖြစ်ပေါ်မှာ ဖြစ်ကြောင်းဖြင့်မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ကနောင်စက်မှု ခန်းမ၌ စီစဉ်ပြသထားသည့် သစ်အချောထည်ပစ္စည်းများ၊ ချည်ထည်ပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ၊ စက်ဘီးတာယာနှင့်ကျွတ်များ၊ စက်မှုလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် စက်မှုဇုန်(၁)ရှိ Good Brother's Machineries Co., Ltd. ၏ မန္တလာလက်တွန်းထွန်စက် စက်ရုံသို့ ရောက်ရှိကြရာ ဒါရိုက်တာ ဦးမောင်အေးက လက်တွန်းထွန်စက်နှင့် လယ်ယာသုံးဝန်တင်ယာဉ်များ ထုတ်လုပ်သည့် လုပ်ငန်းများကို လှည့်လည် ရှင်းလင်းပြသသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှင့်အဖွဲ့ဝင်များသည် လက်တွန်းထွန်စက်များနှင့် လယ်ယာသုံးဝန်တင်ယာဉ်များ ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မြစ်ငယ်-ထုံးဘို-ပြင်ဦးလွင်ဖြတ်လမ်း၊ မန္တလေး-ပြင်ဦးလွင်လမ်းတို့ကိုလည်းကောင်း၊ မန္တလေးမြို့ ဖွံ့ဖြိုးတိုးတက်မှုကိုလည်းကောင်း မော်တော်ယာဉ်များဖြင့်လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ရွှေသင်္ကန်းဆက်ကပ်လှူဒါန်း

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၁ ရက် ညပိုင်းတွင် မဟာမြတ်မုနိဘုရားကြီးသို့သွားရောက်ပြီး မဟာမုနိရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညို၍ ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး အလှူငွေပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မှတ်တမ်းဓာတ်ပုံများနှင့် ဂန္ဓကုဋိကျောင်းတော်ကြီးကို လှည့်လည်ကြည့်ရှုကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် မန္တလေးကန်တော်ကြီးနှင့် မန္တလေးမြို့ ကမ်းနားလမ်း ရှစ်လမ်းသွားလမ်းမကြီးတို့ကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုကြသည်။

ရောဝတီတံတား(ရတနာပုံ)

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်လျက်ရှိသည့် ရောဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ရှေးဦးစွာ ရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ရောဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးလုပ်ငန်းများနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆန်းဝင်းက တံတားသံပေါင်တပ်ဆင်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တံတားတည်ဆောက်ရေးလုပ်ငန်းများကို အမှားအယွင်းမရှိစေဘဲ စနစ်တကျ သပ်သပ်ရပ်ရပ်ဖြင့် ပြီးစီးအောင် တည်ဆောက်ကြရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

မန္တလေးမြို့နှင့် စစ်ကိုင်းမြို့ ဆက်သွယ်မည့် ရောဝတီတံတား(ရတနာပုံ)ကို ၃၀-၁၀-၂၀၀၁ရက်တွင် ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပပြီး တံတားတည်ဆောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။ တံတား၏ စုစုပေါင်းအရှည်မှာ ၅၆၁၄ပေ ရှိမည်ဖြစ်ပြီး တံတား၏ယာဉ်သွားလမ်းအကျယ်မှာ ၄၉ ပေရှိကာလေးလမ်းသွားကားလမ်းတံတားဖြစ်သည်။ ရောဝတီတံတား (ရတနာပုံ)၏ ပင်မတံတားနှင့်မန္တလေး/စစ်ကိုင်းဘက်ကမ်းချဉ်းကပ်တံတားများ၌ တံတားတိုင်စုစုပေါင်း ၃၆တိုင် တည်ဆောက်ရမည်ဖြစ်ရာ ၁၅ တိုင် ပြီးစီးနေပြီဖြစ်သည်။

တံတားတိုင် ၁၇တိုင်မှာ တည်ဆောက်ဆဲဖြစ်ပြီး တည်ဆောက်ရန် လေးတိုင်သာကျန်ရှိသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရောဝတီတံတား (ရတနာပုံ)ကို ကြည့်ရှုစစ်ဆေးပြီးနောက် တံတားဦးမြို့နယ်ဘက်တွင် ဖောက်လုပ်လျက်ရှိသည့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် အဝင် လမ်းနှင့် ပန်းဆေးချောင်းတံတားတည်ဆောက်ပြီးစီးမှုတို့ကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် တပ်မတော်လေယာဉ်ဖြင့် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရောက်ရှိကြသည်။

အလှူငွေများ ပေးအပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ဗိုလ်ချုပ်မှူးကြီး၏ မန္တလေးတိုင်းခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဒီဇင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီခွဲတွင် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်ရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဌာနချုပ်နှင့် Flying Tiger Engineering Co., Ltd. တို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် တံခွန်သစ်အခြေခံစက်ရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါစက်ရုံဖွင့်ပွဲ အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်သာအေး၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင်များဖြစ်ကြသည့် ဝန်ကြီးများ၊ စစ်ကိုင်းတိုင်းမှ ဌာနဆိုင်ရာများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးဗိုလ်ချုပ်သာအေး၊ မြန်မာနိုင်ငံစစ်မှု ထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် တံခွန် သစ်အခြေခံစက်မှုလက်မှုကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးနော်အောင်တို့က စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ရုံအတွင်းလှည့်လည်ကြည့်ရှု

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုစည်းရုံးရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် စက်ရုံခန်းမ၌ စက်ရုံမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအားတွေ့ဆုံပြီး လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

လွတ်လပ်ရေးကို ဤသို့ ထိန်းသိမ်းကာကွယ်ခဲ့ရသည်

အိမ်စောင့်အစိုးရသည် မြန်မာ–တရုတ် နှစ်ဖက်အစိုးရ ညှိနှိုင်းစေ့စပ်ပြီး နယ်ခြားသတ်မှတ်ရေးစာချုပ်ကိုချုပ်ဆိုနိုင်ခဲ့သည်။ မြန်မာ့တပ်မတော်သားများက မြန်မာ–တရုတ် နယ်ခြားမှတ်တိုင် သတ်မှတ်ရေးအတွက် နက်ရှိုင်းလှသော ချောက်ကမ်းပါးများ၊ ရေစီးကြမ်းသော မြစ်များကိုဖြတ်ကူး၍ ဤသို့ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

တပ်မတော်သည် နိုင်ငံတော်ကို တာဝန်ယူ ဦးဆောင်မည့် အိမ်စောင့်အစိုးရကို ဖွဲ့စည်းပြီးနောက် နိုင်ငံတော်တွင် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။ နိုင်ငံတစ်ဝန်းလုံးတွင် လက်နက်ပုန်းများကို ဖော်ထုတ် သိမ်းဆည်းခဲ့ရသည်။ ရန်ကုန်မြို့တွင်းနှင့်ဝန်းကျင်မှ ပြန်ပေးဂိုဏ်း၊ ဓားပြဂိုဏ်းများကို အရေးယူနှိမ်နင်းခဲ့ရသည်။ အာဏာရ ဖဆပလ အစိုးရလက်ထက်တွင် အုပ်စုအလိုက် တည်ထောင်ဖွဲ့စည်းထားသော ခါးပိုက်ဆောင်လက်နက်ကိုင် အဖွဲ့အစည်းများအား ဖျက်သိမ်းခဲ့ရသည်။ စင်စစ်ပါလီမန်၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းထားသည့် တပ်မတော်ကလွဲ၍ မည်သည့်လက်နက်ကိုင် အဖွဲ့အစည်းမျှ ဖွဲ့စည်းခွင့်မရှိချေ။

ထို့ကြောင့်ပင် အိမ်စောင့်အစိုးရသည် တရားမဝင် ခါးပိုက်ဆောင် လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာ လက်နက်ကိုင်အဖွဲ့အစည်းများကို ဖျက်သိမ်းပြီး အချို့ကို တပ်မတော်အတွင်းသို့ထည့်သွင်းဖွဲ့စည်း၍ အချို့ကို စစ်ရဲတပ်ဖွဲ့အတွင်းသို့ ထည့်သွင်းဖွဲ့စည်းခဲ့သည်။ ယင်းအပြင် ရန်ကုန်မြို့တော်ကြီးအား မြို့တော်အင်္ဂါရပ်နှင့် ညီစေရန်နှင့် မီးဘေးအန္တရာယ်များ၊ ဒုစရိုက်မှုများ ကင်းဝေးစေရန် မြို့တွင်းရှိ ကျူးကျော်ရပ်ကွက်များကို ဖျက်သိမ်း၍ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ သာကေတမြို့သစ်များကို တိုးချဲ့ဖော်ထုတ်ပြီး နေရာချထားပေးခဲ့သည်။

ယင်းအပြင် အိမ်စောင့်အစိုးရသည် ဗြိတိသျှနယ်ချဲ့တို့၏ အမွေဆိုးတစ်ခုအဖြစ် ထားရစ်ခဲ့သော စော်ဘွား

မြန်မာ–တရုတ် ချစ်ကြည်ရေးသက်သေထူသည့် နယ်ခြားမှတ်တိုင်ကို တပ်မတော်သားများက ဤသို့ စိုက်ထူခဲ့ကြသည်။



ကေတုနီလာ

များ၏ ပဒေသရာဇ်အခွင့်အရေးကို စွန့်လွှတ်ရန် ဆောင်ရွက်ခဲ့သည်။ ၁၉၅၉ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် စော်ဘွားများက ပဒေသရာဇ်အခွင့်အာဏာများကို စွန့်လွှတ်ကြောင်းစာချုပ် ချုပ်ဆိုခဲ့သည်။ အထူးသဖြင့် အိမ်စောင့်အစိုးရသည် နှစ်ရှည်လများ ဖြေရှင်း၍ မပြီးပြတ်ခဲ့သော မြန်မာ–တရုတ် နယ်ခြားသတ်မှတ်ရေး ကိစ္စကို နှစ်ဖက်အစိုးရချင်းညှိနှိုင်းစေ့စပ်ပြီး အောင်မြင်စွာ စာချုပ် ချုပ်ဆိုနိုင်ခဲ့သည်။

အိမ်စောင့်အစိုးရသည် တစ်ဖက်တွင် နိုင်ငံပြုပြင်တည်ဆောက်ရေး လုပ်ငန်းများနှင့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးကို ဆောင်ရွက်နိုင်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း ပြည်တွင်း ပဋိပက္ခများအား ငြိမ်းသတ်နိုင်ရန်အတွက် စစ်ဆင်ရေးများဖြင့် ဆင်နွှဲဖြေရှင်းခဲ့ရသည်။

ယင်းစစ်ဆင်ရေးများတွင် တပ်မတော်သည် တိုက်ပွဲကြီးပေါင်း(၃၆၈)ကြိမ်နှင့် တိုက်ပွဲငယ်ပေါင်း(၂၇၄၃) ကြိမ် ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့ရသည်။ စစ်ဆင်ရေးများအတွင်း တပ်မတော် အရာရှိ၊ အကြပ်၊ စစ်သည် ၃၁၄ ဦး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ပြီး ၄၅၃ ဦး ဒဏ်ရာရရှိခဲ့ကြသည်။ ရန်သူဘက်မှ တရုတ်ဖြူ ကူမင်တန်၊ ဗကပ၊ အလံနီနှင့်အခြားသောင်းကျန်းသူများ အပါအဝင် ၁၈၇၂ ဦး ကျဆုံးပြီး ၁၉၅၉ ဦး ဒဏ်ရာရရှိခဲ့သည်။ ၁၂၃၈ ဦးကို ဖမ်းဆီးရမိခဲ့ သည်။ တပ်မတော်သည် စစ်ဆင်ရေးများတွင် အောင်ပွဲ ဆင်လာနိုင်သည်နှင့်အမျှ သောင်းကျန်းသူများ အတွင်း၌ အချင်းချင်း သဘောထားကွဲလွဲလာခဲ့ကြခြင်း၊ လက်နက်ကိုင် ဆန့်ကျင်မှုကို မယုံကြည်တော့ခြင်း တို့ကြောင့် စိတ်ဓာတ်ရေးရာအရ ကျဆင်းလာခဲ့ကြသည်။ သောင်းကျန်းသူ ၃၆၁၈ ဦး လက်နက်ချခဲ့ကြသည်။ တစ်ဆက်တည်းပင် သောင်းကျန်းသူများထံမှ သိမ်းဆည်းရမိသော လက်နက် မျိုးစုံ (၂၂၀၁)လက်နှင့် လက်နက်ချသူများအပ်နှံသော လက်နက်မျိုးစုံ(၂၄၆၆)လက် ရရှိခဲ့သည်။ ဤသည်မှာ အိမ်စောင့်အစိုးရ၏ ပြည်တွင်းပဋိပက္ခချုပ်ငြိမ်းရေးအတွက် စစ်ရေး၊ နိုင်ငံရေး၊ စည်းရုံးရေးအရ ဆောင်ရွက်ခဲ့သော သမိုင်းဝင်အထောက်အထားများ ဖြစ်ပေသည်။

ဤသို့အားဖြင့် အိမ်စောင့်အစိုးရသည် နိုင်ငံ၏ ပြည်တွင်းပဋိပက္ခများအား အစိုးရသက်တမ်းကာလ ၁၄လအတွင်းစွမ်းအားရှိသမျှ ငြိမ်းသတ်နိုင်သကဲ့သို့ ရပ်ရွာအေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိုလည်း အထိုက်အလျောက် ရည်မှန်းထားသည့်အတိုင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ ထို့ကြောင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲကို ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် လည်းကောင်း၊ လူမျိုးစုလွှတ်တော်ရွေးကောက်ပွဲကို ဖေဖော်ဝါရီလ ၂၉ရက်နေ့တွင်လည်းကောင်း လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကြီးအဖြစ် အောင်မြင်စွာ ကျင်းပပေးခဲ့သည်။ အနိုင်ရရှိသော သန့်ရှင်းဖဆပလ (ပထစ)အဖွဲ့သို့ ၁၉၆၀ ပြည့်နှစ် ဧပြီလ ၄ ရက်နေ့တွင် နိုင်ငံတော် အာဏာကို ပြန်လည်အပ်နှင်းခဲ့သည်။

သို့ရာတွင် နိုင်ငံတော်ကို တာဝန်ယူဦးဆောင်ရသော ပထစအစိုးရသည် ယင်း၏ ရွေးကောက်ပွဲ နှုတ်ကတိလွန်ပြဿနာများကြောင့် တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲပြားအောင် သပ်လျှိုပေးသကဲ့သို့ ဖြစ်လာခြင်း၊ မလိုလား

အပ်သော လူမျိုးရေ
ခြင်းတို့သည် ပထ
အကျပ်အတည်း ဖြ
ယင်းနောက်
ပထစအတွင်း နိုင်ငံ
သခင် အုပ်စုဟူ၍
အာဏာရနိုင်ငံရေးပ
အစိုးရအဖွဲ့၏လုပ်င
အစိုးရသည် ပါတီတွ
နေရသဖြင့် ပြည်တွ
အေးချမ်းသာယာ
များ၊ ပြည်သူတို့၏
တိုးတက်ရေး လု
ကတိအတိုင်း အ
ပထစအစိုးရအပေါ်
လာခဲ့သည်။ ရွေး
တို့၏ အသည်းကြ
မရှိတော့ဟူ၍ သတ
ပထစအစိုးရ
အတည်များသည်
သော နိုင်ငံတည်ငြိ
အေးချမ်းသာယာ
လည်းကောင်း ထိ
ဥပဒေဘောင်အတွ
ဝင်ရောက်လာမည့်

ပထစအစိုးရ၏ နိုင်ငံတော်ဦးဆောင်မှုအပိုင်း အားနည်းချက်များကြောင့် အကျိုးဆက်အဖြစ် ပြည်ထောင်စုကြီး ပြိုကွဲပြီး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ဆုံးရှုံးရမည့်အန္တရာယ်များနှင့် ရင်ဆိုင်လာခဲ့ရသည်။ ထိုအန္တရာယ်များကို ဖယ်ရှားတားဆီးကာကွယ်ရန် တာဝန်သည် အမျိုးသားရေးတာဝန်ကြီးဖြစ်သည်နှင့်အညီ အမျိုးသားရေးအင်အားစုကြီး ဖြစ်သည့် တပ်မတော်သည် ၁၉၆၂ခုနှစ် မတ်လ ၂ ရက်နေ့တွင် နိုင်ငံတော်အာဏာကို ထိန်းသိမ်းခဲ့ရတော့သည်။ တစ်နည်းအားဖြင့် ဆိုရသော် တပ်မတော်သည် မြန်မာ့လွတ်လပ်ရေး မဆုံးရှုံးစေရေးအတွက် တတိယအကြိမ် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခဲ့ရခြင်းပင် ဖြစ်ပေသည်။



နိုင်ငံတော်၏
ဗဟိုစစ်ကျောင်းတွ

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြို ဂုဏ်ပြုဆောင်းပါးနှင့် သမိုင်းပုံရိပ်လွှာ

၁၉၅၆ ခုနှစ် ဇန်နဝါရီလတွင်ပြည်တွင်းဆူပူ သောင်းကျန်းမှုများကို နှိမ်နင်းရန်ထွက် ခွာ လာ သော မြန်မာ့ တပ်မတော်သားများအားရန်ကုန်မြို့ ကု က္ကိုင်း ၌ ပြည်သူများက ဤသို့ အားပေးခဲ့သည်။

ကြည်တော့ခြင်း တို့
ဝင်းလာခဲ့ကြသည်။
ာ်နက်ချခဲ့ကြသည်။
ျားထံမှ သိမ်းဆည်း
ာ်နှင့် လက်နက်ချသူ
)လက် ရရှိခဲ့သည်။
တွင်းပဋိပက္ခချုပ်ငြိမ်း
ရေးအရ ဆောင်ရွက်
များ ဖြစ်ပေသည်။
းရသည် နိုင်ငံ၏
ရသက်တမ်းကာလ
ာ်နိုင်သကဲ့သို့ ရပ်ရွာ
ုးကိုလည်း အထိုက်
ိုင်း အောင်မြင်စွာ
ပြည်သူ့လွှတ်တော်
ဖော်ဝါရီလ ၆ ရက်
ာ်ရွေးကောက်ပွဲကို
ကာင်း လွတ်လပ်၍
ခဖြစ် အောင်မြင်စွာ
သန့်ရှင်းဖဆပလ
ပြီလ ၄ ရက်နေ့တွင်
ာ်နှင်းခဲ့သည်။
ယူဦးဆောင်ရသော
က်ပွဲ နူတ်ကတိလွန်
ချင်းချင်း စိတ်ဝမ်း
ာ်လာခြင်း၊ မလိုလား

အပ်သော လူမျိုးရေးပြဿနာများ၊ ဆူပူမှုများ ဖြစ်ပေါ်လာခြင်းတို့သည် ပထစအစိုးရအား ကြီးမားသော နိုင်ငံရေး အကျပ်အတည်း ဖြစ်ပေါ်လာစေခဲ့သည်။

ယင်းနောက် မြွေပူရာကင်းမှောင့် ဆိုသကဲ့သို့ ပထစအတွင်း နိုင်ငံရေးအာဏာလုမှုများဖြင့် ဦးဗိုလ်အုပ်စု၊ သခင် အုပ်စုဟူ၍ အုပ်စုတိုက်ပွဲများ ဖြစ်လာခဲ့သည်။ အာဏာရနိုင်ငံရေးပါတီ၏ ပါတီတွင်းအုပ်စုတိုက်ပွဲသည် အစိုးရအဖွဲ့၏ လုပ်ငန်းများကို ထိခိုက်လာစေခဲ့သည်။ ပထစအစိုးရသည် ပါတီတွင်းအုပ်စုတိုက်ပွဲကို ဖြေရှင်းဆောင်ရွက်နေရသဖြင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ၊ ပြည်သူတို့၏ စားဝတ်နေရေးနှင့် စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုလည်း ရွေးကောက်ပွဲကတိအတိုင်း အကောင်အထည်ဖော်နိုင်ခြင်း မရှိသဖြင့် ပထစအစိုးရအပေါ် ပြည်သူတို့၏ ယုံကြည်မှုများ ကင်းမဲ့လာခဲ့သည်။ ရွေးကောက်ပွဲတွင် ရရှိလာခဲ့သော ပြည်သူတို့၏ အသည်းကြားမှမဲပြားများသည် တန်ဖိုးနတ္ထိ လုံးဝမရှိတော့ဟူ၍ သတင်းစာများက ဝေဖန်ရေးသားလာခဲ့သည်။

ပထစအစိုးရ၏ အထွေထွေသော နိုင်ငံရေးအကျပ်အတည်းများသည် အိမ်စောင့်အစိုးရက တည်ဆောက်ခဲ့သော နိုင်ငံတည်ငြိမ်အေးချမ်းမှုကိုလည်းကောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးမှုကိုလည်းကောင်း ထိခိုက်ပျက်ပြားလာစေခဲ့သည်။ ထို့ပြင် ဥပဒေဘောင်အတွင်းသို့ အစိုးရနှင့်တွေ့ဆုံ ဆွေးနွေးပြီး ဝင်ရောက်လာမည့် ဗကပကလည်း အစိုးရ၏ အားနည်းချက်နှင့် နိုင်ငံရေး အကျပ်အတည်းကို အခွင့်ကောင်းယူပြီး မူလတောင်းဆိုချက်သဘောထားကို ပြောင်းလဲလာခဲ့သည်။ ဗကပတပ်များကို တပ်မတော်ထဲသို့ ပူးပေါင်းထည့်သွင်း ဖွဲ့စည်းပေးရေးအထိ ဗကပတို့က တောင်းဆိုလာခဲ့သည်။ လက်နက်ကိုင်တိုက်ခိုက်မှုများ အရှိန်မြင့်လာခဲ့သည်။ သောင်းကျန်းသူများသည် ရထားမိုင်းခွဲခြင်း၊ မြို့ငယ်အချို့ကို ဝင်ရောက်တိုက်ခိုက်ခြင်းအထိ လှုပ်ရှားလာခဲ့သည်။ ပြည်တွင်းပဋိပက္ခသည် ကျယ်ပြန့်လာခဲ့သည်။ ယင်းအခြေအနေအတွင်းမှာပင် ပဒေသရာဇ်အာဏာကို မစွန့်လွှတ်ချင်ကြသော စော်ဘွားအချို့နှင့် နိုင်ငံရေးပါတီ အချို့တို့သည် အင်အားကြီး အနောက်အုပ်စုနိုင်ငံ၏ သြဇာခံ ဆီးတိုး(အရှေ့တောင်အာရှ စစ်အုပ်စု)နှင့် လျှို့ဝှက်ဆက်သွယ်ပြီး ပြည်ထောင်စုထဲမှခွဲထွက်ရေး၊ ဆီးတိုးစစ်အုပ်စုထဲဝင်ရောက်ရေးတို့အတွက် ဖက်ဒရယ်မူဟူ၍တင်ပြတောင်းခံပြီး ပထစအစိုးရအား အကျပ်ကိုင် တောင်းဆိုလာခဲ့သည်။

သို့သော်လည်း ပထစအစိုးရသည် ယင်းသို့ အန္တရာယ်ကြီးမားစွာ ဖြစ်လာစေနိုင်သည့် ဖက်ဒရယ်မူပြဿနာအား ထိရောက်ပြတ်သားစွာ အရေးယူမဖြေရှင်းရဲသဖြင့် ၁၉၆၂ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက် နေ့တွင် ပြည်နယ်၊ ပြည်မ နိုင်ငံရေးခေါင်းဆောင်များ နီးနှောဖလှယ်ပွဲ ကျင်းပ၍ ချော့မော့နစ်သိမ့်ရန် ကြိုးပမ်းခဲ့သည်။ ထိုစဉ်မှာပင် "ဖက်ဒရယ်မူအား နိုင်ငံတော်အစိုးရက လိုက်လျောသည်ဖြစ်စေ၊ မလိုက်လျောသည်ဖြစ်စေ ပြည်ထောင်စုကြီးထဲမှ ခွဲထွက်ရန်နှင့် နယ်ချဲ့အင်အားစု(ဆီးတိုး)ထဲဝင်ရောက်ရန်" ပြည်နယ် တစ်ခုက လျှို့ဝှက်စွာ ရေးဆွဲထားသော စာတမ်းတစ်စောင်ကို ဖေဖော်ဝါရီလ ၂၈ရက်နေ့တွင် ဖဆပလအဖွဲ့ချုပ် (တည်မြဲ) ဒုတိယဥက္ကဋ္ဌဖြစ်သူက နိုင်ငံတော်ဝန်ကြီးချုပ်ထံ ပေးအပ်ခဲ့သည်။

ဤသို့လျှင် ဖက်ဒရယ်မူသည် ပြည်ထောင်စုကြီး အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲပျက်စီးရေးသို့ ဦးတည်ရေးရူလာသည့် နိုင်ငံတော်အတွက် အကြီးမားဆုံးသော ပြဿနာ ဖြစ်လာခဲ့သည်။

ယင်းကဲ့သို့ ပထစအစိုးရ၏နိုင်ငံတော်ဦးဆောင်မှုအပိုင်း အားနည်းချက်များကြောင့် အကျိုးဆက်အဖြစ် ပြည်ထောင်စုကြီး ပြိုကွဲပြီး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာဆုံးရှုံးရမည့် အန္တရာယ်များနှင့် ရင်ဆိုင်လာခဲ့ရသည်။ ထိုအန္တရာယ်များကို ဖယ်ရှား တားဆီး ကာကွယ်ရန် တာဝန်သည် အမျိုးသားရေးတာဝန်ကြီးဖြစ်သည်နှင့်အညီ အမျိုးသားရေး အင်အားစုကြီးဖြစ်သည့် တပ်မတော်သည် ၁၉၆၂ခုနှစ် မတ်လ ၂ ရက်နေ့တွင် နိုင်ငံတော် အာဏာကို ထိန်းသိမ်းခဲ့ရတော့သည်။

တစ်နည်းအားဖြင့်ဆိုရသော် တပ်မတော်သည် မြန်မာ့လွတ်လပ်ရေး မဆုံးရှုံးစေရေးအတွက် တတိယအကြိမ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ရခြင်းပင် ဖြစ်ပေတော့သည်။ ။

၁၉၅၆ ခုနှစ် ဇန်နဝါရီလတွင်ပြည်တွင်းဆူပူ သောင်းကျန်းမှုများကို နှိမ်နင်းရန်ထွက် ခွာ လာ သော မြန်မာ့ တပ်မတော်သားများအားမြစ်ဝကျွန်း ပေါ် ဒေ သ ကျိုက် လတ် မြို့ ၌ ပြည်သူများက ဤသို့ အားပေးခဲ့သည်။

၁၉၅၆ ခုနှစ်က သောင်းကျန်းသူများ၏ စခန်းတစ်ခုကို တပ်မတော်သားများက ဤသို့ တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။



နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်ရန်အတွက် ၁၉၅၁ ခုနှစ်က မင်္ဂလာဒုံ ဗဟိုစစ်ကျောင်းတွင် လေ့ကျင့်သင်ကြားခဲ့သော မြန်မာ့တပ်မတော်သားများ။

မြန်မာ့တပ်မတော်သားများသည် ၁၉၅၇ ခုနှစ် မေလ ၁ ရက်မှ ၁၉၅၈ ခုနှစ် မေလ ၃၁ ရက်အထိ ပြည်တွင်းသောင်းကျန်းမှုများကို မင်းရန်အောင် စစ်ဆင်ရေးဖြင့် တွန်းလှန်တိုက်ခိုက်ရန် ဤသို့ ခရီးကြမ်းနှင်ခဲ့သည်။

ႏးဆက်အဖြစ်
ျားတားဆီး
ျိုးသားရေး
း နိုင်ငံတော်
တ်သည်
ာကွယ်

■ နိုင်ငံတော်ဝန်ကြီးချုပ်မှ

မင်္ဂလာအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဘိုးပိုင်ရိုက်သွင်းခြင်းလုပ်ငန်းကို စက်ခလုတ်နှိပ်၍ စတင်ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဘိုးပိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပြီး လှည်းတန်းစင်တာ ဘိုးပိုင်ရိုက်သွင်းခြင်း လုပ်ငန်းစတင်သည့် မင်္ဂလာအခမ်းအနား အစီအစဉ်ကို ရုပ်သိမ်းလိုက်သည်။

ရွှေမိုးငွေမိုးရွာသွန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မင်္ဂလာအခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုးရွာသွန်းသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရှင်းလင်းခန်းမ၌ အေးရှားဝေါလ်ကုမ္ပဏီ လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းမြင့်နိုင်က လှည်းတန်းစင်တာ တည်ဆောက်မည့်မြေနေရာနှင့် အကျယ်အဝန်း၊ စင်တာ တည်ဆောက်ရန် မြေစမ်းသပ်ခြင်းနှင့် Pile Design လုပ်ငန်း၊ ငလျင်ဒဏ်ခံနိုင်မည့် အဆောက်အအုံဗိသုကာပုံစံ ရေးဆွဲထားမှု၊ အထပ်အသီးသီး၏ ဖွဲ့စည်းတည်ရှိမှု၊ ရေသန့်လုပ်ငန်း၊ လျှပ်စစ်လုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်းများအပါအဝင် လှည်းတန်းစင်တာနှင့် သက်ဆိုင်သည့် စီမံကိန်းအချက်အလက်များကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လှည်းတန်းစင်တာပုံစံငယ်ကို ကြည့်ရှုစစ်ဆေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၈ ထပ်အဆောက်အအုံ

လှည်းတန်းစင်တာမှာ ကမာရွတ်မြို့နယ် ပြည်လမ်းနှင့် လှည်းတန်းလမ်းထောင့်ရှိ မြေ ၁ ဒသမ ၅ ဧကကျော်ပေါ်၌ တည်ဆောက်မည့် ၂၈ ထပ်မြင့် အဆောက်အအုံဖြစ်သည်။

စင်တာ၏ မြေအောက်နှစ်ထပ်မှာ မော်တော်ယာဉ်(၂၇၀)ဆံ့ ယာဉ်ရပ်နားစခန်း၊ အဆောက်အအုံ ပထမထပ်မှ ပဉ္စမထပ်အထိ ရုံးခန်းများ၊ အရောင်းဆိုင်ခန်းများ၊ စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်၊ ကျန်းမာရေး စင်တာနှင့် Garden Restaurant တို့ တည်ဆောက်ဖွင့်လှစ်မည်ဖြစ်ပြီး အဆိုပါ စီးပွားလုပ်ငန်းများအတွက် ရွေ့လျားစက်လှေကားရှစ်စင်း တပ်ဆင်ထားမည်ဟု သိရှိရသည်။

အဆိုပါစင်တာ၏ ခြောက်ထပ်မှ ၂၅ထပ်အထိ လူနေအိမ်ခန်းများ တည်ဆောက်မည်ဖြစ်သည်။ အအောက်အအုံတွင် အထူးလုံခြုံရေးစနစ်၊ အမှိုက်သွန်စနစ်၊ အမှိုက်သိမ်းစနစ်၊ မီးဘေးကာကွယ်ရေးစနစ်၊ ရေသန့်စနစ်၊ ၂၄ နာရီလျှပ်စစ်မီးစနစ်၊ ယာဉ်အဝင်အထွက်လွယ်ကူစနစ်များအပြင် လူနေအိမ်ခန်းများအတွက် လူစီးဓာတ်လှေကားသုံးစင်းနှင့် ကုန်တင်ပို့ဓာတ်လှေကား တစ်စင်းတို့ တပ်ဆင်ပေးမည်ဟု သိရှိရသည်။ **(သတင်းစဉ်)**

မအူကုန်း ၁၃၃လမ်းမီသားစု ဆွမ်းရေစက်ချတရားပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၃

တာမွေမြို့နယ် မအူကုန်းရပ်ကွက် ၁၃၃ လမ်းမီသားစု သံဃာ့ဒါန ဆွမ်းလောင်းအသင်းကြီးက ကြီးမှူးကျင်းပသည့် သတ္တမအကြိမ်မြောက် ဗုဒ္ဓဟူးအပတ်စဉ် ဆွမ်းရေစက်ချတရားပွဲ ကျင်းပမည်ဖြစ်ရာ ဒီဇင်ဘာ ၂၇ ရက်တွင် အရှင်စန္ဒာဓိက (ပထမကျော် ဓမ္မာစရိယ)၊ ၂၈ ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ(ထေရဝါဒဗုဒ္ဓသာသနာ ပြုတက္ကသိုလ်)နှင့် ၂၉ ရက်တွင် အရှင်ခေမာသီရိလင်္ကာရ (သီတဂူကြာတစ်ပွင့်)တို့က ညစဉ်နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားတော်မူမည်ဟု သိရသည်။ (က-ပ)

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့

အမျိုးသားရေးဦးတည်ချက်များ

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားရေး။
- ☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
- ☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။
- ☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ပြပွဲ

နေ့ရက် – ၃-၁-၂၀၀၄ မှ ၁၁-၁-၂၀၀၄
အချိန် – နံနက်(၀၉း၀၀)နာရီမှ ညနေ(၁၇း၀၀) နာရီ
နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

မည်သူမဆိုအခမဲ့လာရောက်ကြည့်ရှုနိုင်ပါသည်။

မြို့တော်စည်ပင်သာယာရေးကော်မတီ ဗဟိုအားကစားကော်မတီစည်းဝေး

ရန်ကုန် ဒီဇင်ဘာ ၂၃

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဗဟိုအားကစားကော်မတီ အစည်းအဝေးကို ယမန်နေ့က မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ ဗဟိုအားကစားကော်မတီနာယက တွဲဖက်အတွင်းရေးမှူးဦးကြည်ဝင်း တက်ရောက်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် ဗဟိုအားကစားကော်မတီဥက္ကဋ္ဌ စီမံရေးရာဌာနမှူးဦးကျော်မင်းနှင့် အားကစားဆပ်ကော်မတီအလိုက် အားကစားဆောင်ရွက်နေသည်များကို တင်ပြကြသည်။ ထို့နောက် ဗဟိုအားကစားကော်မတီနာယက က မျက်မမြင်များမိတ်သဟာယ လက်အောက်ရှိ ရန်ကုန်မျက်မမြင်ကျောင်း(ခဝဲခြံ)၌ ကျင်းပခဲ့သည့် မျက်မမြင်များ စစ်တုရင်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုငွေများချီးမြှင့်ခဲ့ကြောင်း သိရသည်။ (၂၁၀)

မဟာသတင်းဂျာနယ် အတွဲ(၂)၊ အမှတ်(၁၇)ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၂၃

မဟာသတင်းဂျာနယ် အတွဲ(၂)၊ အမှတ်(၁၇)ကို ထုတ်ဝေဖြန့်ချိလိုက်ရာ ယခုအပတ်မဟာသတင်းဂျာနယ်တွင် စွန်ရဲ၏ တွေ့ကြုံခဲ့ရ လူ့ဘဝ(၅၀)၊ ပါရဂူ၊ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၊ဆူဗီနင်၊လွမ်းဝေနိုင်တို့၏ ဆောင်းပါးများနှင့်အတူ စိုးသိဏ်း၊ ခင်လိမ္မာ၊ ဇေယျာမြတ်ခိုင်၊ သက်ကိုကိုတို့၏ ပြည်တွင်းပြည်ပ အနုပညာသတင်းများ၊ ကျော်ဘီလူးတင်မောင်ဆွေ၊ ကျော့မောင်(မင်္ဂလာတောင်ညွန့်)တို့၏ ပြည်ပအားကစားသတင်းများ ဖော်ပြပါရှိသည်။

မဟာသတင်းဂျာနယ်တွင် ပရိသတ်အကြိုက် 3D လည်း ပါဝင်ကြောင်း သိရသည်။ **(အပေါ်ပုံ)** (က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၂၄-၁၂-၂၀၀၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ တေးသရုပ်ဖော်အစီအစဉ်
၇း၅၅ ၆။ အတီးပြိုင်ပွဲ
၈း၀၅ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၁၅ ၈။ ဂုံညင်းတန်းတံတား
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Learning English the Easy and Happy Way for Children and Beginners

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Practice in Reading
၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
၁၇း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၃၀ ၇။ သီချင်းကြီးပဒေသာ
၁၇း၄၅ ၈။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈း၀၀ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၈း၁၀ ၁၀။ Discovery
၁၈း၃၀ ၁၁။ ညနေခင်းသတင်း
၁၉း၀၀ ၁၂။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၃။ Milo Success in Soccer
၁၉း၁၀ ၁၄။ ကော်ဖီ(အပိုင်း-၂)
၁၉း၂၀ ၁၅။ တေးဂီတအစီအစဉ်
၁၉း၃၅ ၁၆။ အချုပ်အခြာအာဏာခွန့်ရှည်ကြာ ခိုင်မာစေမှုဒို့ရေးရှု "ကျေးလက်လမ်းပန်း ကွန်ရက်ယှက်နွယ် မြန်ပြည်ဝယ်" (အပိုင်း-၁)
၂၀း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"တုံ့မယူလို"** (အပိုင်း-၆)

မြဝတီရုပ်မြင်သံကြား

၂၄-၁၂-၂၀၀၃
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀ ၆။ မျိုးချစ်တပ်မတော်
၄း၄၀ ၇။ ကျန်းမာခြင်းသည် နိုင်ငံ့ခွန်အား
၄း၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က)ဒုတိယနှစ် (စာရင်းအင်းပညာ)
(ခ)တတိယနှစ်(ပထဝီဝင်)
၅း၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ မြန်မာ့ရှုခင်း
၆း၃၅ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ညီအစ်မလေးဖော်"** (အပိုင်း-၉)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"**(အပိုင်း-၁၂)
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

ပညာရေးစုံညီပွဲတော် စာအုပ်အရောင်းဆိုင်များရောင်းချမည်

ရန်ကုန် ဒီဇင်ဘာ ၂၃

"မြန်မာနိုင်ငံတစ်ဝန်း ကျောင်းအားလုံးပါဝင်ဆင်နွှဲစို့"ဆောင်ပုဒ်ဖြင့် **"ပညာရေးစုံညီပွဲတော်"**ကို ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၀၄ခုနှစ် ဇန်နဝါရီ ၃ ရက်အထိ တက္ကသိုလ်စိန်ရတုသဘင်ခန်းမကြီး၌ ကျင်းပသွားမည်ဖြစ်ရာ တက္ကသိုလ်ကြီးများ၏ စာအုပ်ပြခန်းများနှင့်အတူ စာအုပ်ဆိုင်များက စာအုပ်အရောင်းဆိုင်များကို အခမ်းအနားဖြင့် ကျင်းပရာ တက္ကသိုလ်စိန်ရတုသဘင်ခန်းမကြီး(မြေညီထပ်)၌ ပါဝင်ဆင်နွှဲ၍ ပညာရှင်များ၊ ကျောင်းသားကျောင်းသူများအတွက် စာအုပ်အမျိုးမျိုးကို အထူးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ယင်းစာအုပ်အရောင်းဆိုင်များမှာ အင်း၀၊ အရဏ်သစ်၊ ရာပြည့်၊ မုံရွေး၊ ပါရမီ၊ စိတ်ကူးချိုချို၊ ဂုဏ်ထူး၊ သီဟရတနာ၊ပန်းရွှေပြည်၊ Quality၊ သာလွန်၊ ကြည်သာ၊ မြင့်မိုရ်(၂)၊ ဇော်၊ ရန်အောင်၊ အောင်ချမ်းသာ၊ ဒိုင်းခင်ခင်၊ ဂျပန်ကြီး၊ အမေ၊ ဦးနေဝင်း၊ စောဟန်၊ ရွှေနန်းမှန်ကူနှင့် ယောမင်းကြီးစာပေတိုက်တို့ ဖြစ်ကြသည်။

ထို့ပြင် နိုင်ငံတော်၏ ပညာရေးစုံညီပွဲတော်အတွက် ပညာရေးသုတေသန အရောင်းဆိုင်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ စာပေဗိမာန်အရောင်းဆိုင်နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ် အရောင်းဆိုင်ကြီးများလည်း ပါဝင်ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်္ဂလိပ်စာ၊ စာရင်းကိုင်နှင့် ကွန်ပျူတာသင်တန်းဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၃

ဒေါက်တာဦးစောလှဖြူ ဦးစီးသော EC ပညာ့ရိပ်သာမှ နိုင်ငံတကာအဆင့်မီ အင်္ဂလိပ်စာ (4 skills)သင်တန်းများ၊ TOEFL, IELTS သင်တန်းများ၊ နိုင်ငံတကာအဆင့်မီ LCCI စာရင်းကိုင် Level I,II&III သင်တန်းများ၊ ကွန်ပျူတာအခြေခံနှင့် အဆင့်မြင့် သင်တန်းများကို ၂၀၀၄ ခုနှစ် မတ်လ ၂၁ ရက်မှ စတင်ဖွင့်လှစ်မည်ဖြစ်သည်။ စိတ်ပါဝင်စားသူများသည် EC ပညာ့ရိပ်သာ အမှတ် ၆/က၊ နတ်မောက်လမ်း၊ တာမွေမြို့နယ် ဖုန်း-၅၄၈၉၄၀၊၅၄၈၆၄၀၊၅၄၅၃၉၄၊၅၄၁၉၃၅၊၀၉-၅၀၀၉၄၈၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရခိုင်ပြည်နယ်ယဉ်ကျေးမှုအမွေအနှစ်ဖော်ထုတ်ထိန်းသိမ်းရေးလုပ်ငန်းများ ယဉ်ကျေးမှုဝန်ကြီးဗိုလ်ချုပ်ကြည်အောင်လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၃

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်သည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့်အတူ ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ကျောက်တော်မြို့နယ် မဟာမုနိဘုရားကြီးရှိမြောက်ဘက်ရှေးဟောင်း ကျောက်လှေကားကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ မဟာမုနိဆင်းတုတော်ပင့်ဆောင်စဉ်က အသုံးပြုခဲ့သော ရှေးဟောင်း ကျောက်လှေကားကြီးအား ဖော်ထုတ်ထိန်းသိမ်းရေးမှာကြားသည်။ ထို့မှတစ်ဖန် မဟာမုနိဘုရားကြီး မြောက်ဘက်ရှေးဟောင်းစောင်းတန်းကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဓညဝတီမြို့ဟောင်း တူးဖော်မှုလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။ ဓညဝတီမြို့ဟောင်းအတွင်းရှိနန်းမြို့ရိုး အရှေ့ဘက်တွင် အောက်တိုဘာလမှစတင်၍ တူးဖော်ရာတွင် ယခုအခါ နန်းမြို့ရိုး၏ မြို့ဝင်ပေါက်နေရာကို ဖော်ထုတ် တွေ့ရှိရပြီးဖြစ်သည်။ နန်းမြို့ရိုးထုမှာ ၁၅ ပေ ကျယ်ပြီး မပြိုမီက ၁၂ပေခန့်မြင့်မည်ဟု ခန့်မှန်းရသည်။ နန်းမြို့ဝင်ပေါက်အကျယ် ၁၄ ပေ ရှိပြီး ခပ်ကွေးကွေးချိုးဝင်သွားသော မြို့ဝင် ပေါက်ပုံသဏ္ဍာန်မျိုးဖြစ်သည်။ ဓညဝတီမြို့ဟောင်းကို ခိုင်မာသော ရှေးဟောင်းသုတေသန အထောက်အထားများ ဖော်ထုတ်ရရှိနိုင်ရန် ဆက်လက်တူးဖော် သုတေသနပြုဆဲဖြစ်သည်။

ထို့နောက်ဝန်ကြီး၊ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဝေသာလီမြို့ဟောင်းတွင် ရှေးဟောင်းသုတေသနဌာနက တူးဖော် သုတေသနပြုလျက်ရှိသော နေရာသို့သွားရောက်ကြည့်ရှုသည်။



ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်ရှိ မဟာမုနိ ဘုရားဆင်းတုတော် ပင့်ဆောင်စဉ် က အသုံးပြုခဲ့သော ကျောက်လှေကားကို ကြည့်ရှုစစ်ဆေးစဉ်။ (ယဉ်ကျေးမှု)

ဝေသာလီမြို့ဟောင်းတွင် ယခုနှစ် အောက်တိုဘာလမှစတင်၍ မြို့ရိုးနေရာအမှတ် (၇)ကုန်း၊ မြို့ဝင်ပေါက်နေရာအမှတ်(၈)ကုန်းတို့တွင် တူးဖော်သုတေသနပြုရာတွင် မြို့ရိုးဖြက် ၁၅ပေ ကျယ်သောမြို့ရိုး၏ ပေ၃၅၀ ခန့်ကို လည်းကောင်း၊ မြို့ဝင်ပေါက် နေရာကို လည်းကောင်း ဖော်ထုတ် တွေ့ရှိရသည်။ ဝေသာလီမြို့ဟောင်းတွင် ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၄ခုနှစ် အထိ ငါးကြိမ်တူးဖော်ခဲ့ပြီး ယခုနှစ် တွင်းမှ ပြန်လည်တူးဖော်ရာ မြို့ဝင်ပေါက်ကို ထူးခြားစွာ ဖော်ထုတ် တွေ့ရှိရခြင်းဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ဝေသာလီကျောက်တစ်လုံးဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြသည်။ ထို့မှတစ်ဖန် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြောက်ဦးမြို့နယ်ရှိ လောင်ကြက်တောင်ပေါ်တွင် ရှိသော လေးမြို့ခေတ် မြို့တည် ရွှေကြက်ဖစေတီတော် ဟောင်းနေရာ၌ ပြန်လည်တည် ဆောက်လျက်ရှိသော စေတီတော်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မိုးများသောဒေသတွင် ရေရှည်ခိုင်ခံ့စေရေး အတွက် စီမံတည်ဆောက်ရန် ဝန်ကြီးက မှာကြားသည်။ ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရှေးဟောင်း ကိုးသောင်းပုထိုးတော်ကြီးသို့ သွားရောက်ဖူးမြော်ပြီး ပုထိုးတော်ကြီး၏ လိုဏ်ပတ်လမ်းများ တူးဖော်ထိန်းသိမ်းထားရှိမှုနှင့် ပစ္စယာပတ်လည်တွင် စေတီငယ်များ တည်ဆောက်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုပြီးနောက် စစ်တွေမြို့သို့ ထွက်ခွာသည်။

ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် စစ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်နှင့် စကြာမုနိရုပ်ပွားတော်များကို သွားရောက်ဖူးမြော်ကြည်ညိုပြီး ရခိုင်ပြည်နယ် ယဉ်ကျေးမှုပြတိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာအိုင်စီတီ ရက်သတ္တပတ်အခမ်းအနားကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၃

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ MICT Park နှစ်ပတ်လည်အခမ်းအနားနှင့် အိုင်စီတီရက်သတ္တပတ်ကို ယခင်နှစ်များနည်းတူ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ MICT Park တည်ရှိရာ လှိုင်မြို့နယ် ရန်ကုန်မြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပ မည်ဖြစ်သည်။

အဆိုပါ အိုင်စီတီ ရက်သတ္တပတ်၏ အိုင်စီတီနည်းပညာပြပွဲတွင် ပြည်တွင်း၊ ပြည်ပ အိုင်စီတီကုမ္ပဏီများမှ ၎င်းတို့၏ ကွန်ပျူတာပစ္စည်းများ၊ ဆော့ဖ်ဝဲ၊ ဟာ့ဒ်ဝဲများကို ခင်းကျင်းပပြသရောင်းချသွားမည် ဖြစ်သည်။

၂၀၀၄ ခုနှစ် အိုင်စီတီ ရက်သတ္တပတ်တွင် Professional Certification (JITEC and MCSA)၊ Role of Women in ICT Industry (MWEA)၊ PC Technology Trend for Software Developers၊ Unified Modeling Language (UML)၊ Capability Maturity Model(CMM)၊ Open Source System၊ Myanmar Character Implemenation၊ PKI Application၊ e-Procurementနှင့် Security issues and related products အစရှိသည့် အိုင်တီ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ ကျင်းပပြုလုပ် သွားမည်ဖြစ်သည်။

၎င်းအိုင်စီတီပြပွဲတွင် ပါဝင်ခင်းကျင်းပြသလိုသော ပြည်တွင်းပြည်ပမှ ကုမ္ပဏီများသည် ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၅ရက်နောက်ဆုံးထား၍ လှိုင်မြို့နယ်ရှိ MICT Park ဖုန်း-၆၅၂၂၇၂၊ ၆၅၂၂၇၃၊ ၆၅၂၂၇၄၊ ၆၅၂၂၇၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပန်းတစ်ပွင့်တောင်စေတီ အုတ်မြစ်စီမင်္ဂလာပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၃

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တော် သာသနာပြုတောရကျောင်း ဆုတောင်းပြည့် ဇမ္ဗူအေး တစ်ဆယ့်တစ်မီးငြိမ်းစေတီတော်မြတ် ပြန်လည်ဉာဏ်တော်မြင့် မွမ်းမံရန် ပန္နက်တင်မင်္ဂလာပွဲကို ဒီဇင်ဘာ ၁၆ ရက်က ကျင်းပပြီး ဒီဇင်ဘာ ၂၅ ရက်တွင် အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို ကျင်းပမည်ဖြစ်သည်။

အဆိုပါရက်များတွင် လှိုင်မြို့နယ် အမှတ် ၁၄ ရပ်ကွက် မြနန္ဒာအိမ်ရာ စိန်ပန်းကျောင်းဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓဦးဆောင်သော မြနန္ဒာဝတ်အဖွဲ့က ဝတ်ရွတ်ပူဇော်ကြမည်ဖြစ်ရာ ပန်းတစ်ပွင့်တောင်ဆရာတော်၏ တပည့်ဒကာများနှင့် အလှူရှင်များထံလည်း နှိုးဆော်ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

ဝန်ကြီးဗိုလ်ချုပ်စိန်ထွားအားဘင်္ဂလားဒေ့ရှ်ဧည့်သည်တွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၂၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား မြန်မာနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ညွှန်ကြားရေးမှူးချုပ်အဆင့် Border Conference အစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Bangladesh Rifles ညွှန်ကြားရေးမှူးချုပ် Major General Md Jahangir Alam Choudhury ndc, psc; နှင့်အဖွဲ့ဝင်များသည် ယမန်နေ့မွန်းလွဲ ၃ နာရီတွင် ဝန်ကြီးများရုံးရှိ ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ ဂါရဝပြုသည်။

ဆက်လက်၍ ညနေ ၃ နာရီခွဲတွင် အဆိုပါအဖွဲ့သည် ဒုတိယဝန်ကြီး၏ ဧည့်ခန်းမသို့သွားရောက်၍ ဒုတိယဝန်ကြီး ဦးမောင်အောင်အား တွေ့ဆုံ ဂါရဝပြု နှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံရာတွင် လူဝင်မှု ကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဌေး၊ ပြည်သူ့အင်အား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ရီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အီလက်ထရွန်နစ် စက်ပြင်သင်တန်းဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၃

ကျွမ်းကျင် အင်ဂျင်နီယာများ ဦးစီးသင်ကြားမည့် ရေခဲသေတ္တာ၊ လေအေးပေးစက်(စာတွေ့လက်တွေ့)၊ အီလက်ထရွန်နစ်သင်တန်း၊ (ရေဒီယို) ကက်ဆက်၊ အသံချဲ့စက်၊ တီဗွီ၊ ဗီဒီယို လက်တွေ့အသုံးချ လျှပ်စစ်သင်တန်း၊ Programmable Logic Controls (P.L.C)ရေးဆွဲနည်း စာတွေ့လက်တွေ့ သင်တန်းများကို ဇန်နဝါရီ ၅ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ စိတ်ပါဝင်စားသူများသည် Elite Engineering Groupအမှတ် (၅၁) မြေညီထပ် ၃၈လမ်း (ကမ်းနားဘက်လောက်) ရန်ကုန်မြို့ ဖုန်း-၂၄၂၂၂၆ တို့သို့ ဆက်သွယ် စုံစမ်းနိုင်သည်။ **(က-ပ)**

ဒိုင်းဆုရမန္တလေးတိုင်းအမျိုးသား၊အမျိုးသမီး ခြင်းလုံးအသင်းများအားဂုဏ်ပြု

ရန်ကုန် ဒီဇင်ဘာ ၂၃

(၂၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း(အမျိုးသား)ခြင်းလုံးပြိုင်ပွဲနှင့် သတ္တမအကြိမ်မြောက် (အမျိုးသမီး) ခြင်းလုံးပြိုင်ပွဲတွင် ဗိုလ်စွဲဒိုင်းဆု ဆွတ်ခူးခဲ့သော မန္တလေးတိုင်းအမျိုးသား၊ အမျိုးသမီးခြင်းလုံးအသင်းများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ကုန်သည်လမ်း အသင်းတိုက် ရတနာပုံခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ကြီးက ဂုဏ်ပြုချီးကျူးစကားပြောကြားပြီး မန္တလေးတိုင်း ခြင်းလုံးအသင်းအုပ်ချုပ်သူ ဦးကျော်ဝင်းက အားကစားသမားများအား တစ်ဦးချင်းမိတ်ဆက်ပေးသည်။

ထို့နောက် အသင်းဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဝေလင်း(အငြိမ်းစား)က ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။ ဆက်လက်၍ အသင်းအမှုဆောင်များဖြစ်ကြသော ဗိုလ်မှူးကြီးဝေလင်း(ငြိမ်း)-ဒေါ်ဌေးရီ၊ ဦးမြသောင်း (Jewel Hotel)၊ ဦးကျော်တင်-ဒေါ်စမ်းစမ်းစိမ့်၊ ဦးကျော်စံ (Diamond Neon)တို့က ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဆီမီး ၉၉၀၀ အဖွဲ့ ဆွမ်း၊ဆီမီးကပ်လှူမည်

ရန်ကုန် ဒီဇင်ဘာ ၂၃

ဗုဒ္ဓပူဇနီယဆီမီး ၉၉၀၀အဖွဲ့ အင်းစိန်က ကြီးမှူး၍ သတ္တမအကြိမ် ဆွမ်း၊ဆီမီး၊ရေချမ်း၊နံ့သာ၊သကြားလုံး ၉၉၀၀စီ ကပ်လှူပွဲကို ဒီဇင်ဘာ၂၆ရက် နံနက် ၉ နာရီတွင် ပန်းတောင်းမြို့ ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်တွင် အနေကဇာတင်ပွဲ၊ နံ့သာ ၉၉၀၀စီ ကပ်လှူပွဲနှင့် သံဃာတော်များ နေ့ဆွမ်းဆက်ကပ်ပွဲ၊ မွန်းလွဲ ၂ နာရီ၌ ရွှေတောင်မြို့ ရွှေနတ်တောင်စေတီတော်မြတ်ကြီးအား နံ့သာ ၉၉၀၀ ကပ်လှူပွဲနှင့် ပြည်မြို့ ရွှေဆံတော်စေတီတော်မြတ်ကြီးအား ဒီဇင်ဘာ ၂၇ ရက် နံနက်အနေကဇာတင်ပွဲ၊ ဆွမ်း၊ ရေချမ်း၊ သကြားလုံး ၉၉၀၀၀စီ ကပ်လှူပွဲနှင့် ဩဝါဒါစရိယဆရာတော်ကြီးများအား အရုဏ်ဆွမ်းဆက်ကပ်ပွဲ၊ ညနေ ၆ နာရီတွင် ဆီမီး၊ နံ့သာ ၉၉၀၀စီ ကပ်လှူပွဲကို စေတီတော်ရင်ပြင်တော်ပေါ်၌ ကျင်းပမည်ဖြစ်သဖြင့် ကြွရောက်ပူဇော်ကြရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားနှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

ကွန်ပျူတာဒီပလိုမာသင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဒီဇင်ဘာ ၂၃

IT(Information Technology) ပညာရပ်ဆိုင်ရာများနှင့်စပ်လျဉ်း၍ Informatics Computer Centre များ တွင် University Of Cambridge (Local Examinations Syndicate) နှင့် NCC (UK) အောင်လက်မှတ်နှစ်ခု ပေးအပ်သော နိုင်ငံတကာ ဒီပလိုမာသင်တန်းများကို နိုင်ငံပေါင်း ၅၀ တွင် Centre ပေါင်း ၆၃၀ဖြင့် တစ်ပြေးညီဖွင့်လှစ်ပေးလျက်ရှိရာ ဒီဇင်ဘာ ၂၃ ရက်တွင် Informatics (Botataung) တွင်လည်းကောင်း၊ ဒီဇင်ဘာ ၂၇ ရက်တွင် Informatics (Bahan) တွင်လည်းကောင်း၊ ဒီပလိုမာတန်းခွဲသစ်များ ဖွင့်လှစ်မည် ဖြစ်ကြောင်းသိရသည်။ Informatics Computer Centre မှ Advanced Diplomaသင်တန်းအောင်မြင်ပြီး သူများသည် Oversea University များသို့ ဆက်လက်တက် ရောက်နိုင်ကြောင်းလည်းသိရသည်။

ထို့ပြင် လုပ်ငန်းခွင်သုံးသင်တန်းများဖြစ်သော Basic, Office, DTP, ACCPAC, Auto CAD, Graphic Design, PC Update and Maintenance(A^+),Programming Courses များကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်းလည်း သိရသည်။

အသေးစိတ်သိရှိလိုပါက Informatics (Botataung) အမှတ် ၂၂၀၊ ၂၂၂၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဖုန်း-၂၉၆၈၂၉၊ ၂၀၀၃၄၃၊ ၂၀၃၁၈၈ တို့သို့ လည်းကောင်း Informatics (Bahan) အမှတ်(70/B)၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၅၈၃၆၀ သို့ လည်းကောင်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ဘက်စုံထူးချွန်ဆုချီးမြှင့်

ရွှေပြည်သာ အမက(၃၃) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၃ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ဝင်းဝင်းရီက မြို့နယ်အဆင့် ဘက်စုံထူးချွန်စတုတ္ထဆုနှင့် ကျောင်းတွင်းဘက်စုံ ပထမဆုရ တတိယတန်းကျောင်းသူ မဝင်းပပမိုးဦးအား ဆုချီးမြှင့်စဉ်။ (ဝ၄၆)

ငါးလုပ်ငန်းအဖွဲ့ချုပ်နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဒီဇင်ဘာ ၂၃

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ ပဥ္စမအကြိမ်နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ဒီဇင်ဘာ၃၀ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အလံပြဘုရားလမ်းရှိ ယုဇနေဂါးဒင်းဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ အစည်းအဝေး တက်ရောက်ရန် ဖိတ်စာများကို အသင်းဝင်များထံ ကြိုတင်ပေးပို့ပြီး ဖြစ်သည်။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသင်းဝင်များအားလုံး အစည်းအဝေးသို့ မပျက်မကွက်တက်ရောက်ကြရန် အလုပ်အမှုဆောင်အဖွဲ့ကဖိတ်ကြားထားကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**

တိုင်းရင်းဆေးသုံးစွဲမှုပိုမိုကျယ်ပြန့်လာစေမည့် မြန်မာ့တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲကြီး

သတင်းဆောင်းပါး–မြင့်စိုး၊ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၂၃

နိုင်ငံနှင့်အဝန်း အစွန်အဖျားဒေသများအထိ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝ လွှမ်းခြုံပေးနိုင်စေရန် အမျိုးသားကျန်းမာရေးစီမံကိန်းများ စနစ်တကျ ရေးဆွဲချမှတ်အကောင်အထည်ဖော်လျက်ရှိရာတွင် မြန်မာ့တိုင်းရင်းဆေးပညာနှင့် အစွမ်းထက်တိုင်းရင်းဆေးများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးကြောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တတိယအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ဖွင့်ပွဲအခမ်းအနားသဝဏ်လွှာ၌ ထည့်သွင်းဖော်ပြထားသည်။

"သွေးသန့်ဆေး၊ချောင်းဆိုးပျောက်ဆေးကို စနစ်တကျ ထုတ်လုပ်နေပါတယ်" ဆရာကျော်(မဟိဒ္ဓိ)

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့်အတူ မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲကို နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်ဆိုလျှင် စတုတ္ထအကြိမ်ပင် ရှိလေပြီ။

မြန်မာတိုင်းရင်းဆေးများ၏အစွမ်းထက်မြက်မှုကို အများပြည်သူများအား အသိပေးတင်ပြနိုင်ရန်အတွက် ပြခန်းရှိရာ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမသို့ မြန်မာ့အလင်းက သွားရောက်မေးမြန်းခဲ့သည်။

"အကြောပြေဆေးနှင့်သလိပ်ကြေဆေးကို အဓိက ထုတ်လုပ်ပါတယ်" ဦးတင်မောင်ကြည် (အေးငြိမ်းသီတာ)

ရှေးဦးစွာ အေးငြိမ်းသီတာ ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်ကြည်က ပြောကြားရာတွင် ၎င်းဆေးဝါးကုမ္ပဏီမှ အစွမ်းထက်သည့် အေးငြိမ်းသီတာအကြောအားတိုးဆေး၊ သလိပ်ကြေဆေး၊ အထက်လှန်အောက်လျှောပျောက် ဆေးနှင့်အကိုက်အခဲပျောက် အဖျားဖြတ်ဆေး လေးမျိုးကို ပြည်သူများအတွက် ပြည်တွင်းဈေးကွက်အနှံ့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဦးသာရင် ဆေးတိုက်နှင့် လွင်မြင့်အောင် အင်ဒတ်စထရီရယ်လ် ကုမ္ပဏီလီမိတက်မှ ဒေါ်လေးမြင့်က ၎င်း၏ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှ လေငန်းဖမ်း၍ ကိုယ်တစ်ခြမ်းသေခြင်း၊ ပါးရွဲ့ခြင်း၊ ခြေလက်ထုံကျဉ်ကိုက်ခဲခြင်း၊ ငန်းဖမ်းခြင်း၊ လေထိုး လေအောင့်၊ အကြောတက် ညောင်းညာခြင်း၊ ဖောရောင်ခြင်းတို့ကို ပျောက်ကင်းနိုင်သည့် ဦးသာရင် သွက်ချာပါဒ လေငန်းလိမ်းဆေး အဆီကို ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း၊ ဆေးဝါးများကို ငါးထပ်ကြီးဘုရားလမ်း၊ အမှတ် (၁၃၀/၆)၊ ပင်ရင်းမှ မြန်မာတစ်ပြည်လုံးသို့ လက်လီ–လက်ကား ဖြန့်ဖြူးရောင်းချပေးနေကြောင်း ပြောကြားသည်။

၎င်းနောက် စိန်ဘယက်ဆေးတိုက်မှ ဦးကြည်လင်းက ပြောကြားရာတွင်

"ကလေးအာဟာရအားဆေးကို ထုတ်လုပ်ထားပါတယ်" ဦးတင်ဇော်သီ(မြတ်ပန်းပွင့်)

၎င်း၏ ဆေးတိုက်မှ အဓိကဆေးဝါးခြောက်မျိုးထုတ်လုပ်ဖြန့်ဖြူးရောင်းချနေကြောင်း၊ ယင်းတို့မှာ အစာကြေဆေးအဖြစ် စိန်ဘယက်လေကွဲဆေး၊ ဖျားနာကိုက်ခဲ တုပ်ကွေးပျောက် ငန်းနီကျော်ဆေး၊ ကွမ်းရွက်ပုံချောင်းဆိုးပျောက်ဆေး၊ အစာမှားအစာမကြေသူများအတွက် တင်ပို့ရောင်းချလျက်ရှိကြောင်း ပြောကြားသည်။

တစ်ဖန် မြတ်ပန်းပွင့်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှ ဦးတင်ဇော်သီအား မေးမြန်းရာတွင် မြတ်ပန်းပွင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဆေးဝါးလေးမျိုး ထုတ်လုပ်လျက်ရှိကြောင်း၊ ၎င်းတို့မှာ ကလေးများအားအင်ပြည့်ဖြိုး၍အစာစားချင်စိတ်ကို

"လေငန်းရောဂါအတွက်ကြိုးစားထုတ်လုပ်ထားပါတယ်" ဒေါ်လေးမြင့် (ဦးသာရင်ဆေးတိုက်)

ဖြစ်ပေါ်စေသည့် မြတ်ပန်းပွင့်ကလေးအာဟာရအားဆေး၊ သွေးတိုးနှလုံးသွေးကြောကျဉ်းရောဂါအတွက် မြတ်ပန်းပွင့်သွေးတိုး၊ နှလုံးသွေးကြောကျဉ်း သောက်ဆေး၊ အာရုံစိုက်၍ အလုပ်လုပ်ရသူများ၊ အညောင်းထိုင်သူများအတွက်စိတ်ကြည်အကြောပြေဆေးပြားများကို မြတ်ပန်းပွင့်ဆေးတိုက် အမှတ် ၈၃၊ ၄ဝါလမ်း၊ အလုံမြို့နယ်မှ မြန်မာတစ်ပြည်လုံးသို့ ဖြန့်ဖြူး ရောင်းချပေးနေကြောင်း ပြောကြားသည်။

ယင်းနောက် မဟိဒ္ဓိဆေးဝါးထုတ်လုပ်ရေးမှ ဆရာကျော်က ရှင်းပြရာတွင် ၎င်း၏ဆေးဝါးထုတ်လုပ်ရေးမှ အစွမ်းထက်သည့် သီရိဝမ္မနရုပ်လုသွေးသန့်ဆေး၊ ချောင်းဆိုးပျောက်ဆေး၊ အစာအိမ်ရောဂါပျောက်ဆေး၊ ဝမ်းပျော့အကြောပြေလေဆေး၊ ဝမ်းလျှောဝမ်းပျက်ပျောက်ဆေး၊ သွေးတိုးကျဆေး၊ အစာကြေလျက်ဆား၊ တပင်တိုင်မြနန်း(အနီ)၊ လေးဖက်နာလိမ်းဆေးတို့ကို ထုတ်လုပ်နေကြောင်း၊ ဆေးများကို ရန်ကင်းမြို့နယ်၊ ၁၂ လုံးတန်း၊ ၂၀၁၊ အခန်း (၃) ၌ မှာယူနိုင်ကြောင်း ပြောကြားသည်။

ဒီဇင်ဘာ ၁၇ ရက်မှ ဒီဇင်ဘာ ၂၆

"အစာကြေဆေးအဖြစ် စိန်ဘယက် လေကွဲဆေးကို ထုတ်လုပ်ထားပါတယ်" ဦးကြည်လင်း(ကွမ်းရွက်ပုံ)

ရက်အထိ ခင်းကျင်းပြသသည့် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲတွင် အခြားအစွမ်းထက်လှသည့် တိုင်းရင်းဆေးများကိုလည်းခင်းကျင်းပြသထားသည်။

မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲကြီးကို နိုင်ငံတော်က ယခုလို ခင်းကျင်းပြသခြင်းဖြင့် ပြည်သူများက အစွမ်းထက်လှသည့် မြန်မာ့တိုင်းရင်းဆေးပြီး အာနိသင်များကို သိရှိလာကြကာ တိုင်းရင်းဆေးကို ပိုမိုကျယ်ပြန့်စွာ သုံးစွဲလာကြလိမ့်မည်ဟု ယုံကြည်မိကြောင်း ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)



မြန်မာ–ဗီယက်နမ် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၃

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Truong Dinh Tuyen ဦးဆောင်သည့် စီးပွားရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီတွင် ရွှေတိဂုံစေတီသို့ရောက်ရှိလာရာ တာဝန်ရှိသူများကကြိုဆိုကြပြီး ရွှေတိဂုံစေတီအား ဖူးမြော်ကြည်ညိုကြ၍ ညှို့သည်တော်မှတ်တမ်း၌ လက်မှတ်ရေထိုးကြသည်။

ထို့နောက် ဗီယက်နမ်ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့သည် အလှူငွေများပေးအပ်လှူဒါန်းကြသည်။ ထို့နောက် ဗီယက်နမ်ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့သည် လှိုင်သာယာစက်မှုမြို့သို့ ရောက်ရှိကြပြီး လှိုင်သာယာစက်မှုဇုန်ရှိ TOKYO Pipe UPVC Pipes & Fittings စက်ရုံသို့ရောက်ရှိရာ Excel Co.,Ltd. ဥက္ကဋ္ဌ ဦးသိန်းဟန်က စက်ရုံအတွင်း ပလတ်စတစ်ပိုက်များ ထုတ်လုပ်နေမှုကို ရှင်းလင်းပြသသည်။

ထို့နောက် Myanmar Ele Steel Industries Co., Ltd.သို့ရောက်ရှိရာ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ဖေက စက်ရုံအတွင်းသံပေါင်ရက်မများ ထုတ်လုပ်တပ်ဆင်နေမှုတို့ကို ရှင်းလင်းပြသသည်။

ဆွေးနွေး

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Truong Dinh Tuyen ခေါင်းဆောင်သော ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့တို့၏ မြန်မာ–ဗီယက်နမ် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲကို မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Grand Plaza Park Royal Hotel ၌ကျင်းပသည်။

အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့် ဆက်စပ်လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှတာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ထို့နောက် ဗီယက်နမ်ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးနှင့်ကုန်သွယ်ရေး အခြေအနေ၊ မြန်မာ–ဗီယက်နမ်နှစ်နိုင်ငံကုန်သွယ်မှု အခြေအနေနှင့် နှစ်နိုင်ငံကုန်သွယ်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့်အလားအလာတို့ကို ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော လုပ်ငန်းရှင်များက သိရှိလိုသည့်အချက်များကိုမေးမြန်းကြရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးတို့က ပြန်လည်ဖြေကြားကြပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ All-China Women's Federation မှ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ရောက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၏ ဖိတ်ကြားချက်အရ All-China Women's Federation (ACWF) မှ ဒုတိယဥက္ကဋ္ဌ Mme. Chen Xiurong ခေါင်းဆောင်သော အဖွဲ့ဝင်လေးဦးပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မေမေရီ၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr.Li Jinjun နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

(အပေါ်ပုံ) (သတင်းစဉ်)

တိုင်းရင်းဆေးပြပွဲ၌ ဆေးမျိုးစုံပါဝင်ပြသ

ရန်ကုန် ဒီဇင်ဘာ ၂၃

စတုတ္ထအကြိမ်မြောက် တိုင်းရင်းဆေးညီလာခံအား ဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာ ၁၇ ရက်မှ ၂၆ ရက်ထိ တပ်မတော်ခန်းမ ဦးဝိစာရလမ်း၌ ကျင်းပလျက်ရှိသည့် တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲတွင် ဦးသာရင်ဆေးတိုက်မှ ဦးသာရင် သွက်ချာပါဒလေငန်းလိမ်းဆေးအဆီ၊ လွင်မြင့်အောင် သက်စောင့်မြင်းခွာဆေးရည်၊ အဆီကျမြင်းခွာ၊ လွင်မြင့်အောင် မြင်းခွာရွက် လက်ဖက်ခြောက် တို့ကို မိဘပြည်သူများ လွယ်ကူစွာ လေ့လာကြည့်ရှုနိုင်ရန် ပါဝင်ပြသလျက်ရှိသည်။ **(က–ပ)**

ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ကျင်းပလျက်ရှိသည့် စတုတ္ထအကြိမ်မြောက်မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲတွင် ပြခန်းများ၊ အရောင်းဆိုင်များဖြင့် စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသလျက်ရှိသည်။ (မြန်မာ့အလင်း)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ လက်ထက်

နယ်စပ်ဒေသနေတိုင်းရင်းသားလူမျိုးများ၏ အခြေခံနှင့်အဆင့်မြင့်ပညာတိုးတက်ဖြစ်ထွန်းမှုများ

(၁၅)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို



မန္တလေးမြို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် Learning Center တွင် လက်တွေ့သင်ခန်းစာများပို့ချပေးနေစဉ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် နယ်စပ်ဒေသနေ သင်တန်းသူများအား ဤသို့ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးလျက်ရှိသည်။

လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)နယ်စပ်ဒေသနေ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျိုင်းတုံမြို့တွင် တည်ဆောက်ထားသည့် လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း။

၁၉၈၈ ခုနှစ် မှ ၂၀၀၃ ခုနှစ် အထိ တိုးတက်ဖြစ်ထွန်းလာသည့် နယ်စပ်ဒေသပညာရေးလုပ်ငန်းများ

အကြောင်းအရာ	၁၉၈၈	၂၀၀၃
လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း	–	၁၆
အိမ်တွင်းမှုသင်တန်းကျောင်း	–	၁၃
အဆင့်မြင့်ပညာ		
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်	–	၂
အခြေခံပညာ		
အခြေခံပညာကျောင်းများ	–	၇၅၀
ဆရာ ဆရာမများ		၂၈၁၂ ဦး
ကျောင်းသားကျောင်းသူများ	–	၈၂၇၇ ဦး
သက်မွေးမှုပညာလေ့ကျင့်ရေးကျောင်းနှင့် စက်ပြင်အလုပ်ရုံ	–	၃
အထောက်အပံ့ခံ ပရဟိတကျောင်း	–	၁၁

ကရင်ပြည်နယ် နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်လူရွယ်များ အခြေခံပညာသင်ကြားနိုင်ရန်အတွက် နိုင်ငံတော်က တည်ဆောက်ပေးခဲ့သည့် မြဝတီမြို့ အခြေခံပညာအထက်တန်းကျောင်း။

မဟာဒုက်ဘုရားပူဇော်ပွဲနှင့်တရားပွဲများကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၃

သဃ်န်းကျွန်းမြို့နယ် ၁၆/၄ ရပ်ကွက်၏ (၂၃)ကြိမ်မြောက် မဟာဒုက် ဘုရားပူဇော်ပွဲနှင့် တရားပွဲများကို ဒီဇင်ဘာ ၂၅ ရက် ညနေ ၆ နာရီတွင် စတင်ကျင်းပမည်ဖြစ်ပြီး ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၁၀ ရက် နံနက် ၈ နာရီတွင် ပင့်သံဃာအပါး ၁၂၀၀ ကျော်တို့အား စာရေးတံမဲဖောက်၍ အိမ်စဉ် ဆွမ်းကပ်လှူပွဲကို ပြုလုပ်မည်ဖြစ်သည်။

မဟာဒုက်ဘုရားပူဇော်ပွဲအဖြစ် ဒီဇင်ဘာ ၂၅ ရက်တွင် အရှင်အာလောက (ပဓာနနာယက အာလောကရာမစာသင်တိုက်) သဃ်န်းကျွန်း၊ ဒီဇင်ဘာ ၂၆ ရက်တွင် အရှင်ဇာဂရာဘိဝံသ (ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ)၊ ဒီဇင်ဘာ ၂၇ ရက်တွင် အရှင်ဂုဏိန္ဒ၊ ဒီဇင်ဘာ ၂၈ ရက်တွင် အရှင်ဣန္ဒက (မဟာစည်နယ်လှည့်ဓမ္မကထိက)၊ ဒီဇင်ဘာ ၂၉ ရက်တွင် အရှင်သီရိန္ဒာဘိဝံသ (ယောဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ)၊ ဒီဇင်ဘာ ၃၀ ရက်တွင် အရှင်ခေမာသိရီလင်္ကာရ၊ ဒီဇင်ဘာ ၃၁ ရက်တွင် အရှင်ကုမာရ၊ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် အရှင်ဝံသပါလ(စစ်ကိုင်း)၊ ဇန်နဝါရီ ၂ ရက်တွင် အရှင်ဂန္ဓမာလာလင်္ကာရ(စစ်ကိုင်း)၊ ဇန်နဝါရီ ၃ရက်တွင် အရှင်နာဂိသရ၊ ဇန်နဝါရီ ၄ ရက်တွင် အရှင်သုဇာတ၊ ဇန်နဝါရီ ၅ရက်တွင် အရှင်အာစိဏ(ညောင်လေးပင်)၊ ဇန်နဝါရီ ၆ ရက်တွင် အရှင် သာသန(မန္တလေး)၊ ဇန်နဝါရီ ၇ရက်တွင် အရှင်ဆေကိန္ဒ (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာ့တက္ကသိုလ်)၊ ဇန်နဝါရီ ၈ ရက်တွင် အရှင်ရာဇိန္ဒ(မန္တလေး)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဒီဇင်ဘာ ၂၁ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသော သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက်ရှိ ပါဠိကာရိပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တ အဂ္ဂိသအား ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ထပ်ဆင့် ဂုဏ်ပြု ပူဇော်ဆက်ကပ်စဉ်။ (၁၀၂)

တပ်မတော်မှတ်တမ်းရုံးကလေးပြိုင်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၃

တပ်မတော်မှတ်တမ်းရုံး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ (၅၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြို (၁၅)ကြိမ်မြောက် ကလေးပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီက တပ်မတော်မှတ်တမ်းရုံးတပ်တွင်း ခန်းမ၌ကျင်းပရာ ကလေးငယ် ၉၄ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန် တပ်နယ်မှူး၊ အမှတ်(၂) စစ်ဒေသမှူးနှင့် တပ်မတော်မှတ်တမ်းရုံးတပ်မှူး ဗိုလ်မှူးချုပ် မျိုးမြင့်၊ တပ်မတော် မှတ်တမ်းရုံး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သီသီအေး၊ ဒုတိယတပ်မှူးနှင့်အရာရှိ၊ စစ်သည် မိသားစုဝင်များ တက်ရောက်အားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေလံကြေညာချက်

၁။ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်တွင် အသုံးမလိုသော အောက်ပါရေယာဉ်များကို လေလံတင်ရောင်းချပါမည်။

စဉ်	ရေယာဉ်အမည်	ရေယာဉ် အမျိုးအစား	အတိုင်းအတာ (ပေ)	အင်ဂျင်	မြင်း	ထားရှိနေရာ
၁။	ငွေပင်လယ်(၀၂၉)	ဝါးလတ်လှေ	75x14x5	ကမ်းမင်း	၅၅၀	သာကေတတံတား
၂။	ငွေပင်လယ်(၀၄၇)	မှောင်ခိုလှေ	66.4x15x6	ကမ်းမင်း	၄၂၈	ဟောင်း အနောက်ထိပ်
၃။		မှောင်ခိုလှေ	54x14x3.5	ဂျန်မီယာ	ဖတ်မရ	RCT ဆိပ်ခံတံတား
၄။		ဝါးလတ်ငယ်	54.10x10.7x3.7	EH.700	၁၈၅	ငါးဦးစီးတံတား
၅။		ဝါးလတ်ငယ်	56.2x14.8x5.5	EK.100	၂၈၀	အနီးဖွိုင်
၆။		မှောင်ခိုလှေ	90.7x22x9	ဟီးနိုး	၂၄၀	ဘုရင့်နောင်တံတား အနီးဖွိုင်
၇။	ရန်ပြည်အောင်	မှောင်ခိုလှေ	67x12x4	ဟီးနိုး	၂၂၀	ဖွိုင်(၁)

၂။ အထက်ပါ စက်လှေများကို အောက်ပါအတိုင်း လေလံတင်ရောင်းချပါမည်။
(က) **ရက်စွဲ** - ၃၁-၁၂-၂၀၀၃(ဗုဒ္ဓဟူးနေ့)
(ခ) **အချိန်** - ၀၉:၀၀ နာရီ
(ဂ) **နေရာ** - စီးပွားရေးဦးပိုင်လီမိတက်ရုံး ၁၈၉/၁၉၁ မဟာဗန္ဓုလလမ်း၊ ရန်ကုန်။

၃။ လေလံစည်းကမ်း လေလံဝယ်သူသည်
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။(နိုင်ငံသားစိစစ်ရေးကတ်ယူလာရမည်)
(ခ) လေလံတင်ရောင်းချသည့်နေ့တွင် ငွေအကြေပေးချေရမည်။
(ဂ) လှေတစ်စင်းလျှင် စပေါ်ငွေငါးသိန်း တင်နိုင်ရမည်။

ကမ္ဘာ့သြဇာအကြီးဆုံးပုဂ္ဂိုလ် ၁၀၀ စာအုပ်ထုတ်ဝေ



ရန်ကုန် ဒီဇင်ဘာ ၂၃

မောင်မင်းနိုင်(ဝါးခယ်မ)၏ ကမ္ဘာ့သြဇာအကြီးဆုံးပုဂ္ဂိုလ် ၁၀၀ စာအုပ်ကို အားမာန်သစ်စာပေ အမှတ် ၅၁၊ မန္တလေးလမ်း၊ ကန်တော်ကလေး ဖုန်း- ၂၅၁၉၂၃ က ဖြန့်ချိကြောင်း သိရသည်။ **(အပေါ်ပုံ) (က-ပ)**

ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၃

မလေးရှားနိုင်ငံ Nilai International College မှ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် ရယူနိုင်ရန်နှင့် အခြေခံပညာ အထက်တန်း အောင်မြင်ပြီး ကျောင်းသား/သူများ ပညာဆက်လက်သင်ကြားနိုင်မည့် အခွင့်အလမ်းများနှင့်ပတ်သက်၍ Grand Plaza Park Royal Hotel အလံပြဘုရားလမ်း ရန်ကုန်မြို့တွင် ဒီဇင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအတွင်း ဟောပြော ပို့ချမည်ဖြစ်သည်။

အသေးစိတ် သိရှိလိုပါက Moe International Co., Ltd. ၁၉၆၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း- ၂၄၅၆၆၃၊ ၂၄၆၇၇၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(က-ပ)

တိမ်အသင့်အတင့်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ဒီဇင်ဘာ ၂၀ ရက်က လူမှုဝန်ထမ်းဦးစီးဌာန သုဝဏ္ဏမူကြိုကျောင်းခန်းမ၌ကျင်းပသော ရင်သွေးငယ်တို့၏ ကျောင်းတွင်း ဉာဏစွမ်းရည်ပြိုင်ပွဲအခမ်းအနားတွင် အကြီးကဗျာ မိတ်ကောင်းဆွေသဟာဒက်များစွာဖြင့် ပထမဆုရရှိသော မအိမ့်နှန်သန်းအား ကျောင်းအုပ်ဆရာမကြီးက ဆုချီးမြှင့်စဉ်။ (က-ပ)

ဂျပန်နှင့်တရုတ် စကားပြောသင်တန်းဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၃

ဂျပန်ဘာသာကို အခြေခံ ပိုင်နိုင်စွာ ရေးဖတ်ပြောဆို ကျွမ်းကျင်တတ်မြောက်အောင် Aung Language Centre က တနင်္လာနေ့မှ သောကြာနေ့ထိ နံနက် ၈ နာရီမှ ၉ နာရီခွဲထိ၊ ၁၀ နာရီမှ ၁၁ နာရီခွဲထိ တစ်ပတ်လျှင်ငါးရက် လက်တွေ့လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။

တရုတ်ဘာသာစကားကို ဆရာမဒေါ်ဖြူဖြူက အခြေခံ အရေး၊ အဖတ်၊ အပြောကို လွယ်ကူစွာ တတ်မြောက်စေရန် တန်းခွဲသစ်ကို စနေနှင့် တနင်္ဂနွေနေ့ နံနက် ၁၁ နာရီခွဲမှ မွန်းလွဲ ၁နာရီထိ တစ်ပတ်နှစ်ရက် သင်ကြားပေးမည်ဖြစ်ရာ အရှေ့ရန်ကင်း၊ တိုက်၂၈၂၊ အခန်း ၁၊ ရန်ကင်း ကြားမှတ်တိုင်အနီး (ရန်ကင်းသဲကွင်းအနီး) ဖုန်း- ၅၅၅၉၉၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

ဒါတွေကိုသိဖို့လိုတယ်

- ❖ မြောက်တိုင်းလည်း မမြောက်နဲ့
- ❖ ခြောက်တိုင်းလည်း မကြောက်နဲ့
- ❖ ချော့တိုင်းလည်း မပျော့နဲ့

ဒီဇင်ဘာ၁၄ရက်က အလက(၂) ဗဟန်း၌ ကျင်းပသော ၂၀၀၂-၂၀၀၃ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်း၌ ပညာရည်ချွန်ဆုရရှိသူ ပထမတန်းမှ မသိမ်းနန္ဒီအောင်အား ကျောင်းဆရာမ ဒေါ်ခင်နွယ်ညွန့်က ဆုချီးမြှင့်စဉ်။

(က-ပ)

မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာန
နှစ်ငါးဆယ်ပြည့်ရွှေရတုသဘင်နှင့်တတိယအကြိမ်မြောက်အာစရိယပူဇော်ပွဲ

ဘူမိဗေဒဌာနတည်ထောင်ခြင်း နှစ်ငါးဆယ်ပြည့်အထိမ်းအမှတ် ရွှေရတုသဘင်နှင့် တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ၂၈-၁၂-၂၀၀၃ရက်(တနင်္ဂနွေနေ့)တွင် စည်ကားသိုက်မြိုက်စွာကျင်းပပါမည်။ မန္တလေးတက္ကသိုလ် ဘူမိဗေဒကျောင်းသားကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများထည့်ဝင်လှူဒါန်းကြပါရန် ဖိတ်ကြားနိုးဆော်အပ်ပါသည်။

ဘူမိဗေဒပြတိုက်ကြီးကိုလည်း တိုးချဲ့မွမ်းမံနေပြီဖြစ်ပါ၍ ဝိုင်းဝန်းကူညီပံ့ပိုးကြပါရန် ထပ်လောင်းနိုးဆော်အပ်ပါသည်။

ရွှေရတုကျင်းပရေးဦးစီးကော်မတီ

ဆက်သွယ်ရန် - ပါမောက္ခ၊ ဘူမိဗေဒဌာန၊ မန္တလေးတက္ကသိုလ် (ဖုန်း-၀၂-၂၇၈၇၀၊၂၃၇၇၆)၊ ဦးမျိုးခင် စိန်သီဟကျောက်ပြား (ဖုန်း-၀၉-၂၀၀၀၆၁၅)၊ ဒေါက်တာသန်းသန်းနု (ဖုန်း-၀၉-၂၀၀၂၇၉၄)၊ ဦးကျော်ဟန် (ဖုန်း-၀၂-၃၈၆၇၅၊၂၂၉၃၆)၊ ဦးကျော်လွင်စိုး(ကိုချက်ကြီး) (ဖုန်း-၀၂-၃၈၂၁၈)၊ ဦးသီဟ(ဒဂုံ) (ဖုန်း-၀၉-၂၀၀၄၅၈၉)၊ ဦးထွန်းထွန်းဝင်(ဖုန်း-၀၁-၂၂၁၃၉၄)၊ ဦးစိုးမိုးနောင် (ဖုန်း-၀၉-၂၀၀၀၂၀၃၊ ၀၂-၃၉၀၈၇)။

မြစ်ငယ်အထကကျောင်းသားဟောင်းများ၏တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

မြစ်ငယ်အထကတွင် တာဝန်ထမ်းဆောင်သွားခဲ့ကြပြီးသော အသက်(၆၀)ပြည့် အငြိမ်းစားယူပြီးခဲ့ကြသော ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့လိုပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆရာ၊ ဆရာမကြီးများနှင့် တပည့်အပေါင်းတို့အား လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၈-၁၂-၂၀၀၃ (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉ နာရီ
နေရာ - မြစ်ငယ် အထကကျောင်းဆောင်သစ်

အပူဇော်ခံ ဆရာ၊ ဆရာမကြီးများမှ သီးခြားဖိတ်စာ မရရှိလျှင်သော်လည်းကောင်း၊ တပည့်များက အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရန်သော်လည်းကောင်း အောက်ဖော်ပြပါ ကော်မတီဝင်များထံသို့ ဆက်သွယ်လှူဒါန်းပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ **ဆက်သွယ်လှူဒါန်းရန်-**

ဦးစိန်လှိုင်(ငြိမ်း)၊ ကျောင်းအုပ်ဆရာကြီး၊ မြစ်လောင်း။ ဦးဝင်းကိုလ/ထအထွေထွေမန်နေဂျာ၊ မြစ်ငယ်စက်ရုံ၊ ဖုန်း-၀၉-၂၀၀၃၆၂၂။ ဦးမောင်မောင်ခင် ရုံးအုပ်ကြီး၊ မြစ်ငယ်စက်ရုံ။ ဒေါ်ကြည်ညွန့် အထက မြစ်ငယ်။ ဒေါ်မမလေး အထက မြစ်ငယ်။ ဒေါ်ကြင်သန်း အထက မြစ်ငယ်။

သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ တီးတိန်၊ဖလမ်းနှင့်ဟားခါး၌ဖွင့်လှစ်မည်

ဟားခါး ဒီဇင်ဘာ ၂၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အထူးအရာရှိဗိုလ်မှူးကြီးသန်းရှိန်သည် ညွှန်ကြားရေးမှူးဦးညွှန့်ဆောင်နှင့် ဦးဝင်းနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးဦးဝင်းထွန်းနိုင်တို့ လိုက်ပါလျက် ဒီဇင်ဘာ ၆ ရက်မှ ၁၄ ရက်အထိ ချင်းပြည်နယ် တီးတိန်၊ ဖလမ်းနှင့် ဟားခါးမြို့များသို့ သွားရောက်ပြီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ ဖွင့်လှစ်ရေးအတွက်ဆောင်ရွက်သည်။

အထူးအရာရှိနှင့်အဖွဲ့သည် ဒီဇင်ဘာ ၈ ရက်တွင် ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှ၊ ဖလမ်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်တင် တို့နှင့်တွေ့ဆုံညှိနှိုင်းသည်။

ထို့နောက် အထူးအရာရှိနှင့်အဖွဲ့သည် ဖလမ်းနှင့် တီးတိန်မြို့ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် တွေ့ဆုံ၍ ယာယီသင်တန်းကျောင်း အမြန်ဖွင့်လှစ်ရေး ညှိနှိုင်းဆောင်ရွက်ခြင်း၊ သင်တန်းကျောင်း ဆောက်လုပ်မည့်မြေနေရာများ လျာထားခြင်း၊ ဝန်ထမ်းများ ခန့်အပ်ရေးအတွက် လူတွေ့ စစ်ဆေးခြင်း၊ သင်တန်းသူများ တက်ရောက်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခြင်းနှင့် သင်တန်းကျောင်း ဖွင့်လှစ်ရေးအတွက် လိုအပ်ချက်များ ဆောင်ရွက်သည်။

အလားတူ ညွှန်ကြားရေးမှူး ဦးအောင်စိုးနှင့် ဒုတိယညွှန်ကြားရေးမှူးဦးအောင်ကျော်တို့သည် ဒီဇင်ဘာ ၇ ရက်မှ ၁၄ ရက် အထိ ချင်းပြည်နယ်မင်းတပ်နှင့်မတူပီမြို့များသို့ သွားရောက်ပြီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ ဖွင့်လှစ်ရေး ဆောင်ရွက်ကြသည်။

(နယ်စပ် စည်ပင်)

စိန်ပန်းလမ်းကျောက်ခင်းမှု အမှုဆောင်အရာရှိစစ်ဆေး

ငပုတော ဒီဇင်ဘာ ၈

ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း လမ်းများ ကျောက်ခင်းမှုလုပ်ငန်းဆောင်ရွက်လျက်ရှိရာနိုဝင်ဘာ ၃၀ ရက်က မြို့နယ်အမှုဆောင် အရာရှိ ဦးအောင်ဌေးသည် စိန်ပန်းလမ်း ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

(မြို့နယ်စည်ပင်)

ညောင်တုန်းမြို့နယ်တွင် နွေစပါးအချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် တောင်သူလယ်သမားများအား မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးစိန်ဝင်းမောင်နှင့် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၅၂) ထွန်စက်စခန်း ဦးစီးအရာရှိ ဦးလှိုင်မြင့်ဦးတို့က လယ်ယာ(၁၆)လက်တွန်းထွန်စက်များကို ဒီဇင်ဘာ ၂၁ရက်က ဖြန့်ဖြူးရောင်းချပေးစဉ်။ (ဝ၉၈)

အမရပူရမြို့နယ်၌ မိုးစပါးစံကွက်များ ရိတ်သိမ်း

မြစ်ငယ် ဒီဇင်ဘာ ၁၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးကျော်တင့် (စာရင်းအင်း)နှင့် အဖွဲ့သည် ဒီဇင်ဘာ ၁၃ရက်က အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာအုပ်စု ထန်းစည်လှတောင်ကွင်း ကွင်းအမှတ်(၅၈၈/ဂ) ဧရိယာအတွင်းရှိ တောင်သူဦးမြင့်ဝေ၏ ဦးပိုင်အမှတ်(၅၀/ခ)တွင်မိုးစပါး(ကောင်း) စံကွက်နှင့်ဦးပိုင်အမှတ်(၅၀က/၁)တွင်မိုးစပါး(သင့်) စံကွက်ရိတ်သိမ်းနေမှုများကိုလည်းကောင်း၊ တောင်သူ ဒေါ်စန်းရင် ဦးပိုင်အမှတ် (၁၆/၅)တွင်မိုးစပါး (ညံ့) စံကွက် ရိတ်သိမ်းနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

စနစ်တကျ ဆောင်ရွက်

အဆိုပါ မိုးစပါး စံကွက်ရိတ်သိမ်းရာတွင် မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးကျော်သူနှင့်ဒုတိယဦးစီးမှူးဦးဌေးဝင်းတို့က ကြီးကြပ် ဆောင်ရွက်ပေးကာ ဌာနဆိုင်ရာ ဝန်ထမ်းများက မိုးစပါးအထွက်နှုန်း မှန်ကန်ရေးအတွက် စနစ်တကျ ကူညီဆောင်ရွက်ပေးကြသည်။

(၂၀၉)

အမြို့မြို့အနယ်နယ် သတင်းများ

မီးဘေးလုံခြုံရေးနှင့် မီးငြိမ်းသတ်ရေးဇာတ်တိုက်လေ့ကျင့်

ပုသိမ် ဒီဇင်ဘာ ၁၈

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မီးဘေးလုံခြုံရေး စီမံချက်အရ ဧရာဝတီတိုင်း ပုသိမ်မြို့ မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ(က)အဆင့်တွင် မီးဘေးလုံခြုံရေးနှင့် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ဒီဇင်ဘာ ၁၀ရက် နံနက်က ကျင်းပသည်။

လက်တွေ့သရုပ်ပြ

လေ့ကျင့်ပွဲတွင် ပုသိမ်မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးခင်မောင်ရီနှင့် မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဒုတိယဌာနခွဲမန်နေဂျာ ဦးကျော်မြင့်တို့ ဦးဆောင်သော ဝန်ထမ်းမီးသတ်တပ်ဖွဲ့ဝင်အင်အား ၁၀၀တို့က မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ကြသည်။

(က-ပ)

ဒီဇင်ဘာ ၂၁ရက်က ကြို့ပင်ကောက်မြို့ ရေပေးရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်ရန် အရှေ့ဘုရားလမ်း၊ ပြည်တန်းလမ်း၊ ကန်ညီနောင်လမ်းတို့တွင် ရေပိုက်လိုင်းများ ဆက်သွယ်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ခင်တင့်ဆွေတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ဒီဇင်ဘာ ၄ ရက်က ပေါင်းတည်မြို့ မဲခေါင်လမ်းပေါ်ရှိ လမ်းချိုင့်ခွက်များ ဖာထေး ပြုပြင်မှုလုပ်ငန်းကို ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကြိုင်နှင့် ဒုတိယလက်ထောက်အင်ဂျင်နီယာ ဦးမြင့်ဝေတို့က ကြီးကြပ်ဆောင်ရွက်စဉ်။

(၄၀၃)

တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးဆောင်ရွက်မှုသင်တန်းဖွင့်

ညောင်ဦး ဒီဇင်ဘာ ၁၀

ညောင်ဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ အိမ်ရှင်မများသို့ မြန်မာ့ရိုးရာတိုင်းရင်းဆေးပညာဖြင့် မိသားစုကျန်းမာစောင့်ရှောက်မှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၉ရက် နံနက်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးညွှန့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယက၊ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ရပ်ကွက်ကျေးရွာအသင်းခွဲများမှ ဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ သင်တန်းသူများ တက်ရောက်ကြပြီး မြို့နယ်ဥက္ကဋ္ဌဦးမျိုးညွှန့်၊ အသင်းနာယက ဒေါ်ခင်စန်းယု၊ အသင်းဥက္ကဋ္ဌ ဒေါ်မြဆွေ၊ တိုင်းရင်းဆေးဆရာကြီး ဦးစိုးတင့်တို့က သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

(၃၀၀)

မျိုးဆက်ပွားကျန်းမာရေး ကျိုက်လတ်မြို့၌ ဆရာဖြစ်သင်တန်းဖွင့်

ကျိုက်လတ် ဒီဇင်ဘာ ၂၀

ကျိုက်လတ်မြို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးလျက် မျိုးဆက်ပွားကျန်းမာရေး ဆရာဖြစ် သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၇ရက်က မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အသင်းနာယက ဒေါ်အေးအေးယု၊ အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်စန်းတို့က အဖွင့်အမှာစကားပြောကြားကြသည်။

အဆိုပါ သင်တန်းတွင် သင်တန်းဆရာခေါင်းဆောင် ဒေါ်လှလှကြင်နှင့် ဆရာ ဆရာမ ၁၅ဦးတို့က သင်ကြားပို့ချကြပြီး သင်တန်းသို့ သင်တန်းသား ၄၅ဦး တက်ရောက်ကြသည်။

(၀၅၈)

ဒီဇင်ဘာ ၁၀ ရက်က ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်း၊ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးအာကာစိုးနှင့် ဝန်ထမ်းများ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေကျပ် ၂၄၂၀၀၀၀ ဖြင့် ကမ်းနီ-ကော့ခိုက်ကျေးလက်ကျောက်ချောလမ်းကို လမ်းကြိတ်စက်အသုံးပြု၍ ကြီးကြပ်ဖောက်လုပ်စဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အသံ

၂၅-၁၂-၂၀၀၃(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်တရားတော်

နေ့လယ်ပိုင်း

၀၉:၃၅ ခရစ္စမတ်နေ့ဟောပြောချက်
၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ (စစ်တွေမြို့မှ စစ်တွေဟိုတယ်)
၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁)ခေါ်မဒေဝေါ်ဒဏ္ဍာရီညွှန်း တရိုးကားချပ်များ (ဦးငြိမ်းအောင်-ဆရာဇေဒ)
(၂)မေ့မရသောအတိတ်များ (ကောင်းသန့်)
၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (ကမ္ဘာမြေအတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး-မောင်ဆုရှင်)
၁၂:၃၀ အစာနှင့်အာဟာရ(အီကြာကွေး)

ညနေပိုင်း

၁၆:၁၅ စတုတ္ထအကြိမ် တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲ
၁၆:၃၀ နိုင်ငံတော်၏ စီးပွားရေးသတင်းပဒေသာ
၁၆:၄၀ ခရစ္စမတ်ဇာတ်လမ်း
၁၇:၀၀ တပ်မတော်စာတိုက်
၁၇:၁၅ သုတရေးရာဖြေကြားလွှာ
၁၉:၁၅ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဇာတ်လမ်းပမာနာဆင်စရာ (လွတ်လပ်ရေး၏ အောင်လံတော်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သဃ်န်းကျွန်းမြို့နယ် လေးဒေါင့်ကန်ရပ်ကွက်က ကြီးမှူးကျင်းပသော (၅၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၁၆ရက်က အမက(၁၈) ကျောင်းရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးဦးသာဝင်းက အဖွင့်အမှာစကားပြောကြားစဉ်။ (ဝ၅၂)

ရိုးရာပန်းပညာရှင်များအစည်းအရုံးစည်းဝေး

ရန်ကုန် ဒီဇင်ဘာ ၂၃

မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)၏ ဒီဇင်ဘာလပတ် အလုပ်အမှုဆောင်အစည်းအဝေးကို ဒီဇင်ဘာ ၁၂ရက်က ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်းရှိ ရိုးရာပန်း(ဗဟို) ရုံးအစည်းအဝေးခန်းမတွင် ကျင်းပရာ ဥက္ကဋ္ဌဦးသောင်းဟန်၊ ဒုတိယဥက္ကဋ္ဌဦးစောလှိုင်၊ ဦးအောင်သိန်း၊ အတွင်းရေးမှူး ဦးသန့်စင်(ပန်းချီလှတင်ထွန်း)နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆုံးဖြတ်

အစည်းအဝေးတွင် ၂၀၀၄ခုနှစ် နွေရာသီကျောင်းပိတ်ရက်အတွင်း ရန်ကုန်တိုင်း အခြေခံပညာကျောင်းပေါင်းစုံ ကလေးပန်းချီပြိုင်ပွဲ ကျင်းပရန် ဆုံးဖြတ်ကြသည်။ **(က-ပ)**

ဝင်္ခကြွေးတော်ပြေဘုရား ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် ဒီဇင်ဘာ ၂၃

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၄၂) ရပ်ကွက် မေတ္တာချောင်းကူးရပ်ရှိ ရန်အောင်မြင်ကျောင်းတိုက် ကျေးဇူးတော်ရှင် ဆရာတော် ဘဒ္ဒန္တ သိရိပါလ (ဒီပါရာမ သာသနာပြု) ဆရာတော် ဦးဆောင်၍ တည်ထားပူဇော်အပ်သော ဝင်္ခကြွေးတော်ပြေစေတီတော် အမှူးပြုသော အမျက်တော်ပြေ စေတီတော်၊ လွတ်ငြိမ်းစံ စေတီတော်မြတ်ကြီးတို့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၆၅ ခုနှစ် ပြာသိုလဆန်း ၁၂ ရက်မှ လပြည့်ကျော် ၁ ရက် (၂၀၀၄ ခုနှစ် ဇန်နဝါရီ ၃ရက်မှ ၇ရက်)အထိ ကျင်းပပူဇော်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

တင့်တယ်၏မိုဘီဒစ်စာအုပ်ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၂၃

ကမ္ဘာ့ဂန္ထဝင်တစ်ဆယ်စာရင်းဝင် မိုဘီဒစ်ကို ဆရာတင့်တယ်၏ ဘာသာပြန် လက်ရာဖြင့် ငြိမ်းချမ်းစာအုပ်တိုက် အမှတ်၅၆၇မြို့နယ်သမဝါယမ စက်မှုဇုန်-၃တောင်ဒဂုံမြို့နယ် ဖုန်း-၆၆၀၁၄၅ က ဒုတိယအကြိမ်ဖြန့်ချိသည်။

(ယာပုံ) (က-ပ)

မြောင်းမြ အထက(၅) အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၃

မြောင်းမြ အထက(၅)မှ သက်ပြည့် အငြိမ်းစားယူထားကြပြီး ဖြစ်သော ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ၂၀၀၄ခုနှစ် ဇန်နဝါရီ ၁၁ရက် နံနက် ၇ နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ စည်ကား သိုက်မြိုက်စွာ ကျင်းပရန် စီစဉ်လျက်ရှိသည်။

ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ဖြစ်ပြီး အလှူပစ္စည်းနှင့် အလှူငွေများကို ပူဇော်ပွဲ ဖြစ်မြောက်ရေး ကော်မတီဝင်များဖြစ်ကြသည့် ရန်ကုန်မြို့နေ ဦးနု ဖုန်း-၂၀၁၅၈၃၊ ၃၇၀၈၉၀ဦးလှဖေ ဖုန်း-၇၀၅၈၇၈၊ ၇၀၅၈၅၈၊ ဒေါ်ရီရီဝင်း ဖုန်း-၂၅၁၃၂၃နှင့် မြောင်းမြမြို့နေ ဦးမောင်မောင်စိန် မြို့နယ်ပညာရေးမှူး ဖုန်း ၀၄၂-၇၀၁၇၁၊ ဦးမောင်မောင်ကျော် ကျောင်းအုပ်ကြီး အထက(၅)၊ ဒေါ်ခင်သက်နွယ် ကျောင်းအုပ်ကြီး အထက(၃) တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဒီဇင်ဘာ ၂၀ရက်က တာမွေမြို့နယ် အလက(၃) မိဘဆရာ အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်သိန်းက အဋ္ဌမတန်းမှ ဘက်စုံထူးချွန်(စံပြ)ဆုရမောင်ဖြိုးပိုင်အေးအားဆုချီးမြှင့်စဉ်။ (က-ပ)

Crown Electronic ပစ္စည်းသစ်များ

ရန်ကုန် ဒီဇင်ဘာ ၂၃

First Asia Co.,Ltdမှ အဆင့်မြင့်ဂျပန်နည်းပညာဖြင့် ပြုလုပ်ထားသော ဒီဖိုင်းလှပသေသပ် ခိုင်ခံ့သည့် Crown အမှတ်တံဆိပ် DVD, VCD, Mic Mixer, Amplifier များကို နှစ်နှစ်အာမခံပြီး ပထမခြောက်လ အတွင်း စက်ချို့ယွင်းမှု ဖြစ်ပေါ်၍ စက်ပစ္စည်းအစိတ်အပိုင်း အသစ်လဲလှယ်ပေးရန် လိုအပ်ပါက Crown Service Centerမှ ပစ္စည်းတန်ဖိုးအတွက် အခမဲ့၊ လက်ခမဲ့ ချက်ချင်း လဲလှယ်ပေးလျက်ရှိရာ အမှတ်(၃၂) အောင်သပြေလမ်း (ယုဇနပလာဇာ အနောက်ဘက်) သာယာကုန်းရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန် ဖုန်း-၀၁-၂၉၉၇၃၂၊ ၀၁-၂၀၀၇၄၇၊ Ext;၇၄၆၈၊ အမှတ် ၁၇၅ ၃၁လမ်း ၈၀×၈၁ ကြား၊ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၃၂၈၉၈တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မင်္ဂလာတောင်ညွန့်မြို့နယ်အခြေခံ အထက်တန်းကျောင်း အမှတ် (၁)ကျောင်း ကြက်ခြေနီအသင်းမှ ကြီးမှူး ဖွင့်လှစ်သော ရှေးဦးသူနာပြုစုခြင်း အခြေခံသင်တန်း ၄/၂၀၀၃ ဆင်းပွဲကို ဒီဇင်ဘာ ၁၄ရက်က ကျောင်းခန်းမတွင်ပြုလုပ်ရာ ကျပ်ငွေငါးသောင်းတန် ကြက်ခြေနီ ဝတ်စုံ၊ဆေးသေတ္တာနှင့် ပညာပေးဗွီစီဒီခေတ်ပြားများကို ကျောင်းအကျိုးဆောင်အတွင်းရေးမှူး ဦးတင်ထွန်းနှင့် ဘဏ္ဍာရေးမှူးဦးထွန်းအေးတို့က ကျောင်းအုပ်ဆရာကြီးဦးလှသောင်းထံ ပေးအပ်လှူဒါန်းစဉ်။ (၂၅၉)

7 Day News ဂျာနယ် အတွဲ(၂)၊ အမှတ် (၃၉) ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၂၃

ဇရာဝတီမြစ်ပြင်ပေါ် အမြန်လှေငယ် ခရီးစဉ်များ အောင်မြင်၊ တွံတေးတူးမြောင်း ဖြတ်ကျော်သည့် ပထမဆုံးတံတားမကြာမီဆောက်မည်၊ အိပ်မက်ပေး၍အခေါ်ခိုင်းသည့် မြွေကြီး အိပ်မက်ထဲက နေရာမှာပင် ရှာတွေ့၊ နာမည်ကျော် ထိုင်းသရုပ်ဆောင်မင်းသမီးပူးပေါင်းပါဝင်သည့် ကျန်းမာရေးဆိုင်ရာ အလှပြင်ဆိုင် ရန်ကုန်တွင် ဖွင့်လှစ်ရန် ပြင်ဆင်၊ စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ထွက်ရှိလာသည်။

အလုပ်လက်မဲ့ ချီကာဂိုသားသန်းဆုထီထပေါက်၊ စစ်ကူတိုက်မပေးသူများကို အမေရိကန်က အီရတ်လုပ်ငန်းကန်ထရိုက်များမပေး၊ အိမ်ရှေ့စံကြင်ရာတော်လောင်း ဂုဏ်ပြုသကာခဲ စပိန်တွင် ရောင်းမလောက်ဖြစ်၊ ဝမ်းလျှောရောဂါကြောင့် ဉာဏ်ရည်ပါထိခိုက်နိုင်၊ မျိုးဆက် ထွန်းကားရေး

စင်ကာပူ အားထုတ်နေစသည့်နိုင်ငံတကာ သတင်းဆောင်းပါးများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House ဖုန်း ၇၀၃၈၁၃က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။**(အပေါ်ပုံ)(က-ပ)**

ကျောက်တန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ကျိုက္ကမော့ (တောင်ပေါ်စေတီ)လမ်းကတ္တရာလမ်းခင်းလုပ်ငန်းနှင့်အနောက်ပိုင်းရပ်ကွက် သူရိယလမ်းရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို မြို့နယ်အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်က ရန်ကုန်တိုင်းစည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုးအား ရှင်းလင်းတင်ပြစဉ်။ (အောက်ပုံ)

(က-ပ)

ဇီဝိတဒါန သံဃာ့ဆေးရုံ နိဗ္ဗာန်ဈေး အလှူပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၃

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၏ (၁၄)ကြိမ်မြောက် နိဗ္ဗာန်ဈေး အလှူမင်္ဂလာပွဲကို ဒီဇင်ဘာ ၂၇ရက်တွင် ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးဝင်းအတွင်း၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းမည်

အဆိုပါ နိဗ္ဗာန်ဈေးအလှူမင်္ဂလာပွဲတွင်စေတနာရှင်မိသားစုများ၏ နိဗ္ဗာန်ဈေးအရောင်းဆိုင်များက လက်ဖက်ရည်၊ ကော်ဖီ၊ ကော်ရည်ခေါက်ဆွဲ၊ ထားဝယ်မုန့်ဟင်းခါး၊ မန္တလေးကြာဆံချက်၊ ဗယာကြော်၊ စမူဆာသုပ်၊ အာလူးပူတီ၊ အုန်းနို့ခေါက်ဆွဲ၊ နန်းကြီးသုပ်၊ နန်းပြားသုပ်၊ ထမနဲ၊ ရှမ်းခေါက်ဆွဲ၊တော်ဝင်နှင်းဆီကြာဆံချက်၊ ရွှေပုစွန် အအေးနှင့် ကိတ်မုန့်မျိုးစုံတို့အပြင် ဆေးနှင့်ဆေးပစ္စည်းဆိုင်များ ပါဝင်ဖွင့်လှစ်ရောင်းချမည်ဖြစ်ပြီး ရောင်းရငွေများကို ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ လှူဒါန်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒီဇင်ဘာ၁၇ရက်က ဒလ မြို့နယ် အမှတ် (၂) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၂-၂၀၀၃ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီးဒေါ်ဌေးဌေးမြင့်က စတုတ္ထတန်းမြို့နယ်ဘက်စုံထူးချွန်ဆု၊ မြို့နယ်ပညာတန်ဆောင်စာစီစာကုံးဆု၊ စတုတ္ထတန်းပညာရည်ချွန်ပထမဆုရသော မမိမိမေသွင်အား ဆုချီးမြှင့်စဉ်။ (က-ပ)

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ချစ်သားထွေးလေး **မောင်စိုးသီဟဇော်** 2nd M.B.,B.S (I.M-1) ၏ ၂၄–၁၂–၂၀၀၃ ရက်တွင် ကျရောက်သော (၁၈)နှစ်မြောက် ရက်မြတ်မှသည် နောင်နှစ်ပေါင်းရာကျော်တိုင် ကျန်းမာချမ်းသာပါစေ။ လိမ္မာ ယဉ်ကျေးထူးချွန်ထက်မြက်သော အထူးကုဆရာဝန်ကြီးဖြစ်ပြီး ဘဝအောင်မြင်မှုသရဖူ ဆောင်းနိုင်ပါစေ။ တောင့်တတိုင်းပြီးပြည့်စုံပါစေ။

ချစ်ပါပါး – ဦးခင်မောင်ဇော်
ချစ်မာမား – ဒေါ်ကြည်ကြည်မော် (မော်မော်)
ချစ်ကိုကိုကြီး – ဖြိုးအနဂ္ဃဇော်(Maridian Star Malaysia)
ချစ်ကိုကိုးလေး – အောင်အနန္တဇော် (Final Year, Singapore Polytechnic)

ဆုံးလေစေတီတော် (၉၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်

ဆူးလေစေတီတော်မြတ်ကြီး၏ ၁၃၆၅ ခုနှစ် (၂၀၀၄ ခုနှစ်)၊ ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးကို ၁၄–၁–၂၀၀၄ မှ ၁၈–၁–၂၀၀၄ ထိ ငါးရက်တိုင်တိုင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ပါသည်။

(က) ဗုဒ္ဓပူဇာ – ဆွမ်းတော်ကြီးတင် ကပ်လှူခြင်း
(ခ) ဓမ္မပူဇာ – အသံမစဲ အဘိဓမ္မာ (၇) ကျမ်းရွတ်ဖတ်ပူဇော်ခြင်း
(ဂ) သံဃပူဇာ – သံဃာတော်အပါး (၁၈၀) နှင့် သီလရှင်အပါး(၅၀) တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ခြင်း
(ဃ) ပျော်ပွဲရွှင်ပွဲနှင့်ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

ပွဲတော်ကျင်းပစဉ်အတွင်း နေ့စဉ်နံနက် အရုဏ်တွင် ဆွမ်းတော်ကြီးတင် ကပ်လှူပူဇော်ခြင်း၊ ပွဲတော်မစမီ ငါးရက်ကြိုတင်၍ အသံမစဲ အဘိဓမ္မာ (၇)ကျမ်းရွတ်ဖတ်ပူဇော်ခြင်း၊ သံဃာတော်များအားဆွမ်းကပ်လှူခြင်း၊ ပွဲတော်ကြီး၏နောက်ဆုံးရက်ဖြစ်သော ဇန်နဝါရီ ၁၈ရက် (တနင်္ဂနွေနေ့) နေ့လယ် ၃ နာရီအချိန်တွင် ဆွမ်းဆန်စိမ်းလောင်းလှူ ပူဇော်မည်ဖြစ်ပါသည်။

ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် ဗုဒ္ဓပူဇာ/ဓမ္မပူဇာ/ သံဃပူဇာ စသည့်ပူဇော်မှု အစုစုတို့အတွက် လှူဒါန်းလိုသူများ စေတီတော်ရင်ပြင်ရှိ အလှူခံဌာနများသို့ အချိန်မီ ကုသိုလ်ပါဝင် လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

ဆူးလေစေတီတော်
(၉၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေးဗဟိုအဖွဲ့
ဖုန်း–၃၇၁၀၀၇၊ ၃၇၁၀၀၉၊၃၇၁၅၆၁၊၃၇၁၅၆၂၊၃၇၁၅၆၃

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ကမ္ဘာအေးဘုရားလမ်း၊အမှတ် ၁၄/ဂ နေ
သခင်ချစ်(ပဲခူးသနပ်ပင်)–ဒေါ်ချစ်မေ(ခ)ဒေါ်ခင်သန်းတို့၏မြေးဦး
ဦးတင်ရှိန်–ဒေါ်စောနွဲ့တို့၏သားကြီး
မောင်မျိုးတင်ရှိန် B.E(Electronics) Y.I.T
MCP,MCSE,CISCO Certified Network Associate
Dip in IT(Networking Engineering-Northern Sydney Institute)
နှင့်
ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဦးထွန်းမြတ်လမ်းသွယ်၊အမှတ် ၁၆၁/E နေ
ဦးအေးသိန်း(သံအမတ်ကြီး၊ ငြိမ်း)–ဒေါ်မြစန္ဒာ(အထက်တန်းပြ၊ ငြိမ်း)တို့၏သမီးလတ်
မစုစန္ဒာ(ခ)စုစန္ဒာသိန်း

တို့၏ ၈–၁၁–၂၀၀၃ ရက်နေ့ ရန်ကုန်မြို့ Dusit Inya Lake Hotel တွင် ပြုလုပ်သော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသည့် ဆွေမျိုးများ၊ ဂုဏ်သရေရှိ လူကြီးများ၊ ခင်မင်ရင်းနှီးသော မိတ်ဆွေအပေါင်းအသင်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော သူငယ်ချင်းများနှင့် အစ်မရင်းတမျှ လိုလေသေးမရှိ ဂရုစိုက် စောင့်ရှောက်အကူအညီပေးခဲ့သော မခင်ရှုပါလွှင် တို့အား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့် မောင်မျိုးတင်ရှိန် – မစုစန္ဒာ(ခ)စုစန္ဒာသိန်း။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးမြို့ မြောက်ပြင်၊ ထားဝယ်ရပ်နေ
(ဦးလှမောင်)–ဒေါ်ဝက်တို့၏သား
မခင်ဝင်းဝင်း၏မောင်၊ မစန်းစန်းဝေ (သ/မဦးစီးဌာန)၏အစ်ကို
မောင်မောင်တာ B.A (History)
ကျောင်းအုပ်၊ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း
လူမှုဝန်ထမ်းဦးစီးဌာန နှင့်
ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ
ဒုတိယဗိုလ်မှူးကြီးကျော်စိန်(ငြိမ်း)၊ ညွှန်ကြားရေးမှူး(ငြိမ်း) လူမှုဝန်ထမ်း ဦးစီးဌာန–ဒေါ်အေးချို(အထက်တန်းပြဆရာမ၊ ငြိမ်း)တို့၏သမီး
ကိုအောင်ကျော်မိုး (ဦးစီးအရာရှိ၊ အိုးအိမ်ဦးစီးဌာန)–မစုနှင်းအောင် တို့၏အစ်မ
မသင်းသင်းဇင်(ဇင်) B.Sc (Hons:) (Chemistry)
Diploma in Japanese (YUFL)
စာတည်း၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန

တို့သည် ၂၁–၁၂–၂၀၀၃ရက်တွင် Mya Yeik Nyo Royal Hotel (မြရိပ်ညိုရွှိုင်ရယ်ဟိုတယ်) ၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မောင်တာ – မသင်းသင်းဇင်။

ဗီဝိတဒါနသံဃာ့ဆေးရုံကြီး၊ ဗဟန်းမြို့နယ်

(၁၄)ကြိမ်မြောက်နှစ်ပတ်လည်

ဈေးအလှူမင်္ဂလာပွဲ

၂၇–၁၂–၂၀၀၃ (စနေနေ့)

ညနေ (၃)နာရီမှ စတင်ဖွင့်လှစ်ပါမည်။

နိုဟ်ပြန်ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချပါမည်။

ကီမိုနိုဟောက်(စ်)မှ ခရစ္စမတ်ပွဲတော်အမီ

ဂျပန် ကီမိုနိုမျိုးစုံ၊ ကိုရီးယား လီနင်၊ ကိုရီးယား စိန်မိုက်ကယ်၊ ယိုးဒယား လီနင်၊ ယိုးဒယား ဇင်းမယ် ပစ္စည်းမှန်များကို ဈေးနှုန်းချိုသာစွာဖြင့်ရောင်းချပေးနေပါပြီ။ **၂၀ရာခိုင်နှုန်း အထူးလျှော့ဈေး။**

ကီမိုနိုဟောက်(စ်)
A°11-b ဒုတိယထပ်၊ ယုဇနပလာဇာ၊ A°22 ဒုတိယထပ် ယုဇနပလာဇာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
ပခုက္ကူတက္ကသိုလ်

ဒုတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၁။ ပခုက္ကူတက္ကသိုလ်မှ ကြီးမှူးကျင်းပခဲ့သော ၂၀၀၂–၂၀၀၃ပညာသင်နှစ် စတုတ္ထနှစ်သင်တန်း (စနစ်ဟောင်း) ဘွဲ့စာမေးပွဲ နှင့် တတိယနှစ်သင်တန်း (၁၉၉၆–အပထအောင်) စနစ်သစ်ဘွဲ့စာမေးပွဲအောင်မြင်ပြီး ဘွဲ့နှင်းသဘင် တက်ရောက်ရန် လျှောက်ထားကြသူများအတွက် ပခုက္ကူတက္ကသိုလ် ဒုတိယ အကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို ၁၀–၁–၂၀၀၄ ရက်နှင့် ၁၁–၁–၂၀၀၄ ရက်များတွင် ပခုက္ကူတက္ကသိုလ် ကျွန်းရွှေဝါခန်းမ၌ ကျင်းပမည်ဖြစ်သဖြင့် ဖော်ပြပါအစီအစဉ်အတိုင်း တက်ရောက်ကြရန် ကြေညာလိုက်သည်။

- **ပထမနေ့အစီအစဉ် ၁၀–၁–၂၀၀၄(စနေနေ့)**
  (၁) နံနက်ပိုင်း၊ နံနက် ၉း၀၀နာရီ
  – ဝိဇ္ဇာဘွဲ့ အထူးပြုအားလုံး၊ စတုတ္ထနှစ် (စနစ်ဟောင်း)
  – သိပ္ပံဘွဲ့ အထူးပြုအားလုံး၊ စတုတ္ထနှစ် (စနစ်ဟောင်း)
- **ဒုတိယနေ့အစီအစဉ် ၁၁–၁–၂၀၀၄ (တနင်္ဂနွေနေ့)**
  (၂) နံနက်ပိုင်း၊ နံနက် (၉း၀၀)နာရီ
  – ဝိဇ္ဇာဘွဲ့ အထူးပြုအားလုံး၊ တတိယနှစ် (စနစ်သစ်)
  – သိပ္ပံဘွဲ့ အထူးပြုအားလုံး၊ တတိယနှစ် (စနစ်သစ်)

အစမ်းလေ့ကျင့်ခြင်း – ၈–၁–၂၀၀၄ (ကြာသပတေးနေ့)
အချိန် – နံနက် ၈း၀၀ နာရီ မှ ၁၁း၃၀ နာရီ (၁၀–၁–၂၀၀၄ ဘွဲ့ယူမည့်သူများ)
– မွန်းလွဲ ၂း၀၀ နာရီ မှ ၄း၃၀ နာရီ (၁၁–၁–၂၀၀၄ ဘွဲ့ယူမည့်သူများ)

၂။ ဘွဲ့နှင်းသဘင် တက်ရောက်ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာနှင့် ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်ပြုသည့်လက်မှတ်၊ ဧည့်လက်မှတ်များထုတ်ယူနိုင်ရန်အတွက် ဘွဲ့ကြေးငွေသွင်းပြေစာတင်ပြ၍ ပခုက္ကူတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် အစမ်းလေ့ကျင့်ရက်မတိုင်မီ ကိုယ်တိုင် ထုတ်ယူရမည်ဖြစ်သည်။

၃။ ဘွဲ့နှင်းသဘင် အခမ်းအနားတက်ရောက်ဘွဲ့ယူမည့် ပုဂ္ဂိုလ်များသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား)တို့ အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံ ဝတ်ဆင်၍တက်ရောက်ရပါမည်။

ဝဏ္ဏ
(မော်ကွန်းထိန်း)
ပခုက္ကူတက္ကသိုလ်

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း

အမှတ် ၅၀၄/ ၅၀၆၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဒသမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေး
ဖိတ်ကြားခြင်း

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၏ ဒသမ အကြိမ် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးနှင့် ညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသားအားလုံး မပျက်မကွက်ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ကျင်းပမည့်နေ့ရက် – ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၂၆ ရက် (သောကြာနေ့)
ကျင်းပမည့်အချိန် – ညနေ ၅း၀၀နာရီမှ ၈း၀၀နာရီ
ကျင်းပမည့်နေရာ – အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန
အမှတ် ၈၈၊ (၆)မိုင်၊ ပြည်လမ်း
ဖုန်း–၂၄၁၉၂၀

မာလာတင်

အမျိုးသမီးကိုယ်ကာယအလှသင်တန်း

စာရင်းလက်ခံပြီ
၂–၂–၂၀၀၄ စမည်။
စုံစမ်းချိန်–နံနက် ၉နာရီမှ ညနေ ၆နာရီအတွင်း

လူဦးရေကန့်သတ်သည်
အမှတ်(၂၉၇)၊ အခန်း(၆)
မဟာဗန္ဓုလပန်းခြံလမ်း
ဖုန်း–၃၇၉၇၃၅

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပျဉ်းမနားမြို့ ချမ်းအေးရပ် ပဌာန်း ဓမ္မာရုံလမ်းနေ ဒေါ်တင်ကြည်၏သား မောင်မောင်တာ ၉/ပမန(နိုင်) ၁၂၂၉၈၀ သည် မိဘ၏စကားကို နားမထောင်ဘဲ မိမိဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စရပ်များ လုံးဝ တာဝန်မယူပါ။ **ဒေါ်တင်ကြည်**
၉/ပမန(နိုင်)၀၄၂၃၉၅





FAME

Diabe-herb® (ဆီးချိုကျဆေးတောင့်)



GMP & ISO 9001 Certified

(Germany) (France) (Switzerland) (China) (Myanmar)

FAME Pharmaceuticals မှထုတ်လုပ်ဖြန့်ချိသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ရှားစေးခဲပေးသွင်းရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

တင်ဒါအမှတ် ၁/၂၀၀၄

၁။ ပေးသွင်းရမည့်ပစ္စည်း – ရှားစေးခဲ
၂။ ပေးသွင်းရမည့်အရေအတွက် – ပိဿာချိန်(သုံးသောင်း)
၃။ တင်ဒါပေးသွင်းရမည့်နေရာ – မြေညီထပ်၊အမှတ်၆၀၄၊ ကုန်သည်လမ်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရန်ကုန်မြို့
၄။ တင်ဒါ ပိတ်ရက်/အချိန် – ၂၀-၁-၂၀၀၄ မွန်းတည့် (၁၂:၀၀)နာရီတိတိ

တင်ဒါ စည်းကမ်းပုံစံများကို ဘဏ္ဍာရေးဌာန၊ အမှတ် ၆၀၄၊ ကုန်သည်လမ်း၊ မြန်မာ့ရေနံ နှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် ကြော်ငြာသည့်နေ့မှစ၍ တစ်စုံလျှင်(၅၀၀ိ/–)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ပစ္စည်းစီမံဌာန၊ အမှတ် ၆၀၄၊ ကုန်သည်လမ်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ရန်ကုန်မြို့

ကြော်ငြာစာ

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၊(ဆ)ရပ်ကွက်၊ အကွက်အမှတ် ခေ ၅၊ ဦးပိုင်အမှတ် ၃၈၊မြေကွက်အား ဦးသန်းကွန့် မှတ်ပုံတင်အမှတ် ၉/အမရ(နိုင်) ၀၃၄၀၈၆ က အမှုတွဲအမှတ် ၁၄၀၃/၂၀၀၃–၂၀၀၄ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း၊ဂရန်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူရှိပါက အထောက်အထားစာရွက်စာတမ်းများနှင့်အတူ ဤဌာနသို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန

သင့်လုပ်ငန်းတွေတိုးတက်အောင်မြင်စေဖို့အတွက်



PRIME - BOSS Company Limited
SERVICE CENTER - 127-131, SULE PAGODA RD., KYAUKTADA TSP, YANGON.
Tel: 95-1-371303, 253509,
95-1-253943, 246946, 09-99-23778
SERVICE CENTER (MANDALAY) - 34th ST., BETWEEN 80th & 81st ST., MANDALAY.

အကြောင်းကြားစာ

ရန်ကုန်တိုင်းတရားရုံး
တွဲဖက်တိုင်းတရားသူကြီး(၁)
၂၀၀၃ ခုနှစ် တရားမဓာရီမှုအမှတ် ၂၃၁

ရိုးမဘဏ်လီမိတက်(၎င်း၏လက်ထောက်အထွေထွေမန်နေဂျာ ဦးသိန်းမောင်) FMI. Center ဗိုလ်ချုပ်လမ်း ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့	နှင့် ၁။ ဒေါ်မြတ်နုခိုင် ၂။ ဦးပုည အမှတ် ၂၃/ဂ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ရန်ကုန်မြို့
တရားနိုင်	**တရားရှုံး**

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက် အင်းလျားမြိုင်လမ်း၊ အမှတ် ၂၃/ဂ တွင် နေထိုင်ခဲ့သော (၁)ဒေါ်မြတ်နုခိုင်နှင့် (၂)ဦးပုညတို့ သိစေရမည်။

သင့်အပေါ်၌ ရိုးမဘဏ်လီမိတက် (၎င်း၏လက်ထောက်အထွေထွေမန်နေဂျာ ဦးသိန်းမောင်)က ၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ် ၄၄၃ ၏ ဒီကရီအပေါ် အတည်ပြုလုပ်ပေးစေရန် လျှောက်ထားလာသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ်အမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်း၏ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ခုနှစ် ဇန်နဝါရီလ ၅ ရက်(၁၃၆၅ ခုနှစ် ပြာသိုလဆန်း ၁၄ ရက်)နံနက် ၁၀:၀၀နာရီ အချိန်တွင် အထက်အမည် ရေးသားပါရှိသူ တရားနိုင်၏စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရန် အကြောင်းကြားလိုက်သည်။

၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးပေးလိုက်သည်။

ထွန်းသိန်း
တွဲဖက်တိုင်းတရားသူကြီး(၁)
ရန်ကုန်တိုင်းတရားရုံး

THREE STAR

Air- Con၊ ရေခဲသေတ္တာ ပြုပြင်၊ တပ်ဆင်၊ ရောင်းဝယ်ရေး
(Good Second Air- Con)
များ
ဈေးနှုန်းသက်သာစွာဖြင့်
ရောင်းချပေးနေပါသည်။
ဖုန်း–၇၀၅၇၈၄

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် န/၆၉၂၂ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး (ရန်ကုန်)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ရန်ကုန်တိုင်း။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂က/၂၁၂၂(မာစီဒီး)၊ လလ/၁၂၂၆ လက်ဝယ်ရှိသူက မော်တော်ယာဉ်စာအုပ် (ကမ–၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ၁၅ရက်အတွင်းဆက်သွယ်ဆောင်ရွက်ပါရန်။

ကညနရုံး၊ လွယ်လင်။

မသက်ဆိုင်တော့ပါကြောင်း

ကျွန်မ မမိုးမိုးပိုင် ၁၃/လရန(နိုင်)၀၀၁၉၅၅ (ဘ-ဦးစိုးပိုင်)သည် စစ်ကိုင်းမြို့ ဆင်မြေကျေးရွာနေ ဦးမြစိန်၏သား မောင်စိုးနိုင်နှင့် အတူတကွပေါင်းသင်းနေထိုင်ခြင်းမရှိသည်မှာ ခုနစ်နှစ်ကျော်ပြီဖြစ်ပါ၍ ၎င်းနှင့်မည်သို့မျှ သက်ဆိုင်ခြင်းမရှိပါကြောင်း။ **မမိုးမိုးပိုင် ၁၃/လရန(နိုင်)၀၀၁၉၅၅။**

ရဟန်းအမ
ဒေါ်ရင်ရင်(ခ)ဒေါ်ရင်နု
(မန္တလေး)
အသက်(၆၄)နှစ်

ရန်ကုန်တိုင်း၊မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ နွယ်သာဂီ ၈ လမ်း၊ အမှတ် ၃၅၅ နေ [ဦးသူတော်-ဒေါ်စောလှ(ခ)ဒေါ်ညွန့်]တို့၏သမီး၊ ဦးဟန်စိန်၏ဇနီး၊ ဦးအောင်ဖေ-(ဒေါ်မြသိန်း)တို့၏ညီမ၊မန္တလေးမြို့နေ ဦးမောင်မောင်၏ညီမ၊ ဦးခင်မောင်ဝင်း၊ ဒေါ်အမာကြည်၊ ဦးပြုံးချိုတို့၏အစ်မ၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးအောင်သိန်း၊ ဦးခင်သိန်း(ထိပ်တန်းရွှေဆိုင်)၊ဦးတင်ရွှေတို့၏အစ်မ၊ ကိုငွေသိန်း-မအေးအေးသိန်း၊ ကိုမြရီ-မအေးအေးဝင်း၊ ကိုခင်မောင်စိန်၊ မသီတာဟန်၊ မနီလာဟန်တို့၏မိခင်၊မြေး၁၁ယောက်တို့၏အဘွားသည် ၂၂-၁၂-၂၀၀၂ရက်(တနင်္လာနေ့) ည ၈း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၁၂-၂၀၀၂ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်အေး (ရေကျော်)
အသက်(၇၁)နှစ်

(ဦးထွန်းဖေ-ဒေါ်မြရစ်)တို့၏သမီး၊ (ဦးအုန်းဖေ-ဒေါ်စိန်းမေ)တို့၏ ချွေးမ၊ အမှတ် ၅၂၊ ၁၉လမ်း(အရှေ့)၊ မာန်ပြေ(၃)ရပ်ကွက်၊ သာကေတမြို့နယ်နေ ဦးသိန်းမောင်(ဆိုင်ကယ်စက်ပြင် ဆရာကြီး)၏ဇနီး၊ ဦးဘရင် (လှည်းကူး)၊ (ဦးအောင်စိန်)-ဒေါ်အေးစိန်၊ (ဦးမောင်ရွှေ-ဒေါ်ညွန့်ရီ)တို့၏ညီမ၊ ဦးသောင်းရွှေ-ဒေါ်အေးကြည်တို့၏အစ်မ၊ (ဦးတင်ဦး)-ဒေါ်စန်း၊ ဦးတင်ငွေ-ဒေါ်ခင်စန်းရီ၊ ဦးတင်လှ-ဒေါ်ကြည်တို့၏ အဒေါ်၊ ဦးဝင်းမြင့်(မြန်မာ့မီးရထား)-ဒေါ်ခင်နှင်းယု၊ဦးကျော်ဝင်း-(ဒေါ်ခင်ခင်အုန်း)၊ ဦးကျော်မြင့် (P.P.E)၊ ဦးအုန်းမြင့်-ဒေါ်ဆောင်း၊(ဦးစိန်ဝင်းအောင်-ဒေါ်စန်းစန်းမြင့်)၊ ဦးကျော်နိုင်တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ် တစ်ယောက်တို့၏ အဘွားသည် ၂၂-၁၂-၂၀၀၂ရက် ည ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၂-၂၀၀၂ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအုန်းတိ(ခ)ဦးအောင်တိ
(သံဖြူဇရပ်မြို့)
အသက်(၄၈)နှစ်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်နေ (ဦးရင်မောင်)-ဒေါ်ငွေစီတို့၏သား၊ (ဦးမြို့)-ဒေါ်ငွေရတို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ ဒဂုံတာဝါ ၀၄-၀၁ နေ ဒေါ်အေး၏ခင်ပွန်း၊ မအေးသီလင်း၊ မဖြူသီနှင်း၊ မောင်ချမ်းမြေ့ပိုင်၊ မနှင်းအိဖွေးတို့၏ဖခင်သည် ၂၃-၁၂-၂၀၀၂ရက် ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၁၂-၂၀၀၂ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Paster Lut Khaw Pau
(ထန်နွဲ)
အသက်(၈၃)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ထန်နွဲကျေးရွာနေ (Pu Son Khaw Hau- Pi Niong Zen)တို့၏သား၊ (Pu Thang Ngin- Pi Von Khaw Cing)တို့၏သားသမက်၊ (Pi Luan Din)၏ခင်ပွန်း၊ (Pa Hau Thang)- Nu Luan Mang၊ Nu Din Khan Cing- Pa Kan Za Khai၊ Rev- Cin Khaw Khai- Nu Lian Khan Cing(ခေတ္တ-U.S.A)၊ Saya Thang Hum-Nu Din Lun Zan(ခေတ္တ-U.S.A)၊ Saya Khan Ngin- Nu Awi Huai၊ Pa Neng Hau(ခေတ္တ-မလေးရှား)-Nu Hau Khan Ciin၊ Saya Sian Khan Pau တို့၏ဖခင်၊ မြေး ၃၂ ယောက်၊ မြစ် ၂၈ ယောက်တို့၏ အဘိုးသည် ၂၀-၁၂-၂၀၀၃ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၃-၁၂-၂၀၀၃ ရက်တွင် ထန်နွဲကျေးရွာ ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်သန်းတင်
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊တိုက် ၁/က၊ ၁၀ လမ်း၊ အခန်း ၃၀၄၊ ယုဇနမြို့တော်အိမ်ရာနေ (ဦးလှ-ဒေါ်စောရင်)တို့၏သမီး၊ဦးကျော်ဆန်း၏ဇနီး၊ မောင်ဝင်းနိုင်(ခေတ္တ-မလေးရှား)၏မိခင်သည် ၂၁-၁၂-၂၀၀၃ ရက်(တနင်္ဂနွေနေ့) နံနက် ၉း၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၂-၂၀၀၃ရက် (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်သန်းမြင့်(ခ)ရဟီမာဘီ
(ထားဝယ်)
အသက်(၆၃)နှစ်

ထားဝယ်မြို့နေ (ဦးဟာမတ်-ဒေါ်အာဘီ)တို့၏သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာစခန်း၊ တိုက် ၁၅၊ အခန်း ၃ နေ ဦးသန်းရွှေ (ထားဝယ်) (ပိုက်နှင့်ပိုက်ဆက်ပစ္စည်းရောင်းဝယ်ရေး၊ ဗိုလ်ဆွန်ပက်လမ်း)၏ဇနီး၊ မောင်သိုက်ဦး-မမြင့်မြင့်ရွှေ၊ မောင်သန်းနိုင်(ခ)မောင်နိုင်ဦး၊မနှင်းသန့်လှိုင်-မဝင်းမင်းသန်း၊မဝင်းမင်းခိုင်တို့၏မိခင်၊ မရွှေဇင်သက်၏အဘွားသည် ၂၂-၁၂-၂၀၀၃ရက် (တနင်္လာနေ့) ညနေ ၆း၂၇ နာရီတွင်အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၃-၁၂-၂၀၀၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးဥယျာဉ်တော် ကဘာရ်စတန်၌ ဒါဖနာပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ထွေး (ကျီးသဲ)
(အထပြ၊ ငြိမ်း၊ ကျီးသဲ)
အသက်(၅၆)နှစ်

ရွှေတောင်မြို့နယ်၊ ကျီးသဲမြို့နေ (ဦးထွန်းစိန်-ဒေါ်မြတင်)တို့၏ သမီး၊ ဒေါ်စိန်နု(စိန်စိန်ဆေးလိပ်ခုံ)၏ တူမ၊ ဒေါ်အေးမြင့်၊ ဒေါ်ခင်လှိုင်၊ ဦးသန်းကြွယ်-ဒေါ်တင်လှတို့၏ညီမသည် ၂၃-၁၂-၂၀၀၃ရက် (အင်္ဂါနေ့) ညနေ ၆း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၀၃ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ရန်ကုန်ဆေးရုံကြီးမှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကိုနိုင်ဝင်း (ဒလ)
အသက်(၄၀)

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ စ/သုမင်္ဂလာရပ်ကွက်၊သုမင်္ဂလာအိမ်ရာ၊ သုမင်္ဂလာလမ်း၊ အမှတ် ၂၊ အခန်း ၃၀၁ နေ ဦးမောင်ရွှေ (Chief Engineer)-ဒေါ်နုနုထွေးတို့၏ သားကြီး၊ ကိုခင်မောင်ဇော်-မသင်းသင်းစိုး၊ကိုစိုင်းအိုက်မြင့်-မချိုမာအောင်၊ ကိုမျိုးလွင်-မခင်သီတာစိုးတို့၏အစ်ကို၊ တူ တူမလေးယောက်တို့၏ ဘကြီးသည် ၂၂-၁၂-၂၀၀၃ရက် (တနင်္လာနေ့) နံနက် ၀၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဗိုလ်မှူးရဲဒင် (ငြိမ်း) (သန်လျင်မြို့)
ဗိုလ်သင်တန်းအပတ်စဉ်(၄)
(နိုင်ငံ့ဂုဏ်ရည်ပထမဆင့်)(မော်ကွန်းဝင်ပထမဆင့်)
ရန်ကုန်တိုင်း၊ တိုင်းဦးစီးမှူး(ငြိမ်း)၊ ကုန်သွယ်ရေးဝန်ကြီးဌာန
အသက်(၈၄)နှစ်

ရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်နေ ဦးဖိုးရင်-ဒေါ်လေးရှင်တို့၏သား၊ (ဒေါ်ကြည်ကြည်)၏ခင်ပွန်း၊ (ဒုတိယဗိုလ်မှူးကြီးလှမြင့်)-ဒေါ်သန်းမြင့်တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ အမှတ် ၄၆၊ ပင်လုံရိပ်မွန်အိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဦးကိုကိုအောင်-ဒေါ်မိမိခိုင်၊ ဒေါ်သူဇာတို့၏ဖခင်၊ ကိုသန့်မြတ်ဦး-မဖြူဖြူသင်းဝေ၊ ကိုရဲမြတ်ထူးတို့၏အဘိုး၊ မောင်ကျော်ဇင်ဟိန်း(စံပြ မူကြို)၊ မောင်ကောင်းခန့်ဇော်တို့၏ဘိုးဘိုးကြီးသည် ၂၂-၁၂-၂၀၀၃ရက် ည ၇ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၂၄-၁၂-၂၀၀၃ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊သိမ်၊ တန်ဆောင်း၊ရေတွင်း၊ရေကန်၊ ဇရပ်၊လမ်း၊သာသနာ့မြေ၊ ဒါယိကာမကြီး
အဘိဓမ္မဟိတဓရ စန္ဒပဘာ
ဒေါ်လွန်း (မြစ်ကြီးနား)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၃၅၂၊ ပထမထပ်နှင့် မြစ်ကြီးနားမြို့၊ အောင်နန်းရိပ်သာ၊ အိမ်အမှတ် ၄ နေ (ဦးအလောင်)၏ဇနီး၊ ဦးချစ်မြင့်-ဒေါ်သော့(ဗန်းမော်)၊ အမှတ် ၈၉၊ ၅၂လမ်းနေ ဒေါ်ညွန့်ညွန့်ဆွေ(ရူပဗေဒ)၊ ဦးစံဆွေ-ဒေါ်တင်ကြူ (မြစ်ကြီးနား)၊ ဒေါ်ယုယုဆွေ၊ ဦးကျော်ရင်၊ (ဦးစံမင်း)၊ ဒေါ်စုစုမေ-ဦးအုန်းခိုင် (မြန်မာ့သစ်လုပ်ငန်း၊ရုံးချုပ်)၊ ဦးမြင့်ဝိန် (ခေတ္တ-တိုကျို)၊ (ဦးစိုးဝင်းလွန်း)-ဒေါ်မြင့်မြင့်ဌေး(သူနာပြု)၊ ဒေါ်အေးအေးမွန်(မ-၅၊ ကျောက်တံတား)၊ ဒေါ်ကြည်ကြည်မွန်၊ ဦးမြင့်သိန်း၊ ဦးညီညီ(ခေတ္တ-USA)-ဒေါ်ဆိုင်းခေါ်နိတို့၏မိခင်၊ မြေး ၁၃ယောက်တို့၏အဘွားသည် ၂၂-၁၂-၂၀၀၃ရက် (တနင်္လာနေ့) ည ၇ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၆-၁၂-၂၀၀၃ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(မဟာဗန္ဓုလလမ်း နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါက်တာမျိုးအောင်
(ကတိုး၊ ကော့နှပ်)
[ဆရာဝန်ချုပ်(ငြိမ်း)၊မြန်မာ့မီးရထား]
အသက်(၇၁)နှစ်

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်(တောင်ပိုင်း) ပုလဲရတနာလမ်း၊အမှတ် ၅၂၃၊ ၁၈-စီ နေ (ဦးအောင်-ဒေါ်ဖြူ)တို့၏ သား၊ (ဒေါ်ခင်မမ)၊ ဒေါ်ခင်လှတို့၏မောင်၊ ဦးမြင့်သိန်း-ဒေါ်ဘေဘီ၊ ဦးစိုးမြင့်-ဒေါ်ယဉ်စိန်တို့၏အစ်ကို၊ ဒေါ်နုနုစန်း၏ခင်ပွန်း၊ ဒေါ်သီတာမျိုးအောင်(လ/ထ ညွှန်မှူး၊ ဗဟိုဘဏ်)၊ ဦးကျော်ကျော်မျိုး (မန်နေဂျာ၊ သွားလာရေး၊ မြန်မာ့မီးရထား)-ဒေါ်နွဲ့နွဲ့ရီ၊ ဦးဇော်ဦး (မြန်မာ့မီးရထား)-ဒေါ်နီလာမျိုးအောင်၊ဒေါ်ဥမ္မာမျိုးအောင်(မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း)၊ ဦးထွန်းထွန်းမျိုး(East Wind Ship Management)၊ ဦးအောင်အောင်မျိုး (East Wind Ship Management)တို့၏ဖခင်၊ မျိုးသုခကျော်၊ မျိုးနေရည်ကျော်၊ မျိုးခိုင်ထူးကျော်၊ ငြိမ်းဝတ်ရည်ဦး၊ မျိုးညီညီကျော်၊ အောင်ပိုင်ဦးတို့၏အဘိုးသည် ၂၂-၁၂-၂၀၀၃ရက် နံနက် ၉း၁၀ နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အာစွာရ်နမာဇ်အပြီးတွင် ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးဝေကျန်
B.A (မြန်မာစာ) Q
အလုပ်သင်ဗိုလ်လောင်းအပတ်စဉ်(၁၅)
အသက်(၃၈)နှစ်

ကျောက်ဖြူမြို့နေ ဦးမောင်ကျော်ဇော-ဒေါ်ကြာနုမတို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၂၈၊ ငါးလွှာ၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်နေ (ဗိုလ်ကြီးထင်ကျော်-ဒေါ်တင်ရီ)တို့၏ သားသမက်၊ ဒေါ်သီရိကျော် (J.A.T)၏ခင်ပွန်း၊ မောင်ဝေယံကျော် (IV-A၊ အထက-၁၊ လသာ)၏ဖခင်၊ (ဦးညွန့်ဝေ)၊ (ဦးထွန်းဝေ)၊ ဦးအေးထွန်း-ဒေါ်သန်းရှင်၊ ဦးထိန်ဝင်း-ဒေါ်ခင်ခင်တင့် (အမက-၁၇၊ လှိုင်သာယာ)၊ ဒေါ်သီတာဝေ(လူမှုဝန်ထမ်း)တို့၏ညီ/မောင်၊ ဒေါ်စန္ဒာကျော် (အထက-၁၊ လသာ)၏အစ်ကိုသည် ၁၆-၁၂-၂၀၀၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၁း၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ညနေ ၄း၂၀ နာရီတွင် သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး
ကြူရှုဟွန်း(ခ)ဒေါ်ကျင်လှိုင်
(ကျိုက်လတ်မြို့)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၆၊ ၂၁ လမ်း၊ လသာမြို့နယ်နေ [တန်ထျန်ဟူ(ခ)ဦးစံမြင့်]၏ဇနီး၊ကိုညွန့်လွင်-(မမိုးမိုး)၊ မစောစောတင်၊ မစောစောရင်၊ မပြုံးပြုံးကြည်၊ ကိုသိန်းဝင်း-(မအေးအေးဇော်)၊ မမြင့်မြင့်၊ မခင်သန်းထွေး - (ဒေါက်တာခင်မောင်သန်း)၊ မောင်မြင့်လှိုင်၊ မောင်မြင့်သိန်း-(မအိချိုအောင်)တို့၏ မိခင်၊ မြေး ခုနစ်ယောက်တို့၏ အဘွားသည် ၂၃-၁၂-၂၀၀၃ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၀၃ ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမြသိန်း
မြန်မာ့မီးရထား(စက်မှု၊ငြိမ်း)
အသက်(၅၈)နှစ်

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ (င/ခ)ရပ်ကွက်၊ မီးရထားဝင်း(အမှတ် ၃၁-အီး)နေ (ဦးဘရင်-ဒေါ်တင်ညွန့်)တို့၏သား၊ ဒေါ်မျိုး (မမ/စက်မှု)၏ ခင်ပွန်း၊ မချိုနီလာသိန်း (ပနှစ်၊ ဥပဒေပညာ၊ ဒဂုံတက္ကသိုလ်၊ EIM, Co., Ltd.)၊ မောင်အောင်အောင် (AGTI, EP ၊ မှော်ဘီ GTC)၊ မောင်မောင် (ပနှစ်၊ ဆေးတက္ကသိုလ်)၊ မောင်လင်းထက် (IX-F၊ ထ-၁၊ သင်္ဃန်းကျွန်း)တို့၏ဖခင်၊ မောင်ဝင်းလွင်အောင်(ခ) ဝိုင်းချစ်၏အဘိုးသည် ၂၃-၁၂-၂၀၀၃ ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၀၃ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးစန်းလွင်
အသက်(၄၅)နှစ်

စစ်ကိုင်းတိုင်း၊ ကနီမြို့နယ်၊ စိုင်တဲရွာနေ ဦးထွန်းမြတ်-ဒေါ်အေးဒုတ်တို့၏သား၊(ဦးစိန်လွင်)-ဒေါ်ရီရီ၊ ဦးစိန်ထွန်း-ဒေါ်အုံးကြည်၊ ဦးအောင်သန်း-ဒေါ်တင်တင်၊ ဦးအောင်သန်း-ဒေါ်ခင်သန်းစံ၊ ဦးအေးလွင်-ဒေါ်မြမြဝင်းတို့၏ ညီ/မောင်သည် ၂၃-၁၂-၂၀၀၃ရက် မွန်းလွဲ ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၁၂-၂၀၀၃ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးသန်းဝင်း
အသက်(၄၄)နှစ်

ပဲခူးတိုင်း၊ မင်းလှမြို့နယ်နေ ဦးကြည်-(ဒေါ်လှကြည်)တို့၏ သား၊ ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်နေ (ဦးမြ)-ဒေါ်မြဝင်းတို့၏ သားသမက်၊ ကိုဌေးဝင်း-မသီတာမြင့်၊ ကိုသိန်းဦး-မရှမ်းမ၊ မောင်ကျော်မင်းရွှေ-မမြင့်မြင့်ဌေးတို့၏အစ်ကို၊ ကိုအောင်ကျော်မိုး-မသန်းမြ၊ ကိုသန်းဇော်မိုး-မသန်းနွဲ့၊ ကိုအောင်မြင့်သိန်း - မညီညီမာတို့၏အစ်ကို၊ ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးအေးလမ်းသွယ် ၁၊ အမှတ် ၄၃ နေ မလဲ့လဲ့မာ၏ခင်ပွန်း၊ မောင်အောင်ကိုမျိုး(အလက-၆၊ လှိုင်)၊ မအိမ်မှူးခင်တို့၏ဖခင်သည် ၂၂-၁၂-၂၀၀၃ရက်တွင်ကွယ်လွန်သွားပါ၍ ၂၄-၁၂-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်သန်းရင်
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် ၁၈(စီ)၊ အင်းလျားလမ်းနေ [ဦးစောကြာဒိုး (အဖွဲ့ဝင်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်)]၏ဇနီး၊ (ဦးရွှေဖိုး-ဒေါ်ညို)တို့၏သမီးထွေး၊(ဒေါ်အေးစိန်)၊(ဒေါ်သန်းတင်)၊ (သိက္ခာတော်ရ ဆရာကြီးမန်းဖိုးဝေ)တို့၏ညီမ၊ နေ့ထိပ်ဒိုး (ခေတ္တ-U.S.A)၏မိခင်၊(ဒေါ်နှင်းရီ)၊ဒေါ်ကြည်ကြည်၊(ဒေါ်ရီ)၊ဒေါ်မြမြဝေ(အထက-၁၊ အလုံ)တို့၏ဒေါ်လေးသည် ၂၃-၁၂-၂၀၀၃ရက် (အင်္ဂါနေ့) နံနက် ၀၇း၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၅-၁၂-၂၀၀၃ရက် (ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် အမှတ် ၁၂၁၊မင်းရဲကျော်စွာလမ်း၊အလုံမြို့နယ်ရှိ ရန်ကုန်ဘာရေတန် ပိုးကရင်နှစ်ခြင်းဘုရားရှိခိုးကျောင်းတွင်ဝတ်ပြုကိုးကွယ်ပြီး ထိန်ပင် ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးသိန်းလွင် (ကြည့်မြင်တိုင်)
ဒုဦးစီးမှူး-မိုး/ဇလ(အငြိမ်းစား)
အသက်(၆၉)နှစ်

(ဦးလှိုင်-ဒေါ်မိ)တို့၏သား၊(ဒေါ်ညွန့်ညွန့်၊ ကုန်သွယ်ရေး-၁၀)၏ ခင်ပွန်း၊ ဦးသက်လွင်ဦး(ထိုင်းသံရုံး)-ဒေါ်ခင်မာလွင်၊ ဦးညီညီကို(ထိုင်းသံရုံး)-ဒေါ်နော်ခင်အေးတို့၏ ဖခင်၊ မသိမ့်ချိုဇင်(သွား/ဆေး)၊ မမြတ်ဆုထက်(ထ-၁၊ကြည့်မြင်တိုင်)တို့၏အဘိုး၊ ဦးတင်မောင်မြင့်(စက်မှု/လယ်ယာ)-ဒေါ်သန်းသန်းဌေး၊ ဦးကျော်ကျော်အောင်(မိုး/ဇလ)-ဒေါ်ခင်သီတာမြင့်တို့၏ မွေးစားဖခင်သည် အမှတ် ၁၂၈/၁၊ နဝရတ်လမ်း၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏနေအိမ်၌ ၂၂-၁၂-၂၀၀၃ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ကိုအောင်ကျော်စိုး
(ဖိုးထောင်)
အသက်(၄၀)

ရန်ကုန်တိုင်း၊ ဆိပ်ကမ်းမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၆၁)ရပ်ကွက်၊ စစ်တောင်းလမ်း၊ အမှတ် ၁၅၇ နေ(ဦးစိန်လွင်-ဒေါ်မြခင်) (အားကစားပစ္စည်းဖြန့်ချိရေး)တို့၏သား၊ ဦးအုန်းလွင်-ဒေါ်ကျင်တို့၏သားသမက်၊ ဦးသိန်းဇော်-ဒေါ်စိန်စိန်ဌေး၊ ဦးသန့်ဇင်-ဒေါ်မိမိထွန်း၊ ဦးအောင်ကျော်မိုး၊ မအေးမြကြည်တို့၏ညီ/မောင်၊ ဦးစိန်ဝင်း-မကျင်ဌေး၊ မောင်မျိုးသန့်တို့၏အစ်ကို၊ဒုဗိုလ်ဝဏ္ဏစိုး (အပတ်စဉ်-၄၆)၊ မသီရိစုအောင်၊ မခင်သူဇာတို့၏ဖခင်၊ မောင်ဇော်ဝင်းထွဋ်၊ မောင်ဖြိုးကျော်ကျော်၊ မောင်ပြည့်ဖြိုးအောင်၊ မောင်လှိုင်ဘွား၊ မဖြူဖြူသန့်တို့၏ဦးလေး၊မသိန်းသိန်းလွင်၏ခင်ပွန်းသည် ၂၂-၁၂-၂၀၀၃ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် မန္တလေးမြို့ ကံ့ကော်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပြီး ယင်းနေ့တွင်ပင် မန္တလေးမြို့ တောင်မြင့်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေအပေါင်းအား အသိပေးအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍အထက်ပါနေအိမ်၌ ၂၈-၁၂-၂၀၀၃ရက်(တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားနာပြုလုပ်မည်ဖြစ်ပါ၍ တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

မမြတ်မြတ်စိုး
B.Tech (EP) (Final)
(မှော်ဘီ)
အသက်(၂၃)နှစ်

မှော်ဘီမြို့၊ အမှတ်(၁)ရပ်ကွက်၊ အနောက်ပိုင်း၊ အမှတ် ၁၂၅၊ ပြည်လမ်းနေ ဦးဘစော-(ဒေါ်ထွေး)၊(ဦးမြမောင်)-ဒေါ်အေးကြည်တို့၏မြေး၊ ဦးနီတာ-(ဒေါ်တင့်ယဉ်) (အုတ်လုပ်ငန်း)တို့၏ သမီးထွေး၊ မောင်နေဝင်းနိုင်၊ မောင်နေသူနိုင်-မဇာမိုးသွယ်၊ မောင်ကျော်သူရ (B.Tech, Mech)၊ မောင်မင်းဇော် (1st Year မြန်မာစာ)တို့၏ ညီမ၊ မချောစု (3rd Law)၏ အစ်မသည် ၂၃-၁၂-၂၀၀၃ရက် နံနက် ၇း၃၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၀၃ရက်တွင် မှော်ဘီသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်တင်
အသက်(၈၅)နှစ်

ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဖေရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်၂၄နေ ဦးရွှေဂဲ-ဒေါ်ပုမတို့၏သမီး၊ ဦးညွန့်မောင်-ဒေါ်မယ်ရင်တို့၏ညီမ၊ ဒေါ်ထွေးတင်၏အစ်မ၊ ဦးအုန်းမောင်၏ဇနီး၊ ဦးလှမြိုင်-ဒေါ်ကျင်အေး၊ ဦးမြလှိုင်-(ဒေါ်ရင်မြ)၊ ဦးစန်းမောင်-ဒေါ်မြကျင်၊ (ဦးဉာဏ်ဝင်း)-ဒေါ်အုံးသွင်တို့၏မိခင်၊ ကိုသန်းနိုင်-မမြင့်မြင့်ကြည်၊ ကိုလှထွန်း-မစမ်းစမ်းဝင်း၊ မအေးအေးဝင်း၊ မောင်ဇော်မင်းဦး-မခင်ခင်ငြိမ်း၊ ကိုမြဦး-မသူဇာ၊ ကိုခင်ဦး-မစန္ဒာဦး၊ ကိုအောင်ဆန်း-မရီရီသန်း၊ မောင်နေမင်းအောင်စိုး-မမြင့်မြင့်မော်၊ ကိုဌေးလွင်ဦး-မစန္ဒာအေး၊ မောင်အောင်ကျော်ဝင်း၊မောင်ထွန်းထွန်းဝင်းတို့၏အဘွား၊ မြစ်၁၉ယောက်တို့၏အဘွားသည် ၂၂-၁၂-၂၀၀၃ရက်(တနင်္လာနေ့) နံနက်၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၁၂-၂၀၀၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်ရှိန် (ထားဝယ်)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇ္ဇာ ၅ လမ်း၊ အမှတ် ၆၁၇ နေ(ဦးထွန်းအေး-ဒေါ်စိန်လွင်)တို့၏သား၊ (ဦးဖစု-ဒေါ်ငွေတင်)တို့၏သားသမက်၊ ဦးစိုးမြင့်-ဒေါ်စန်းရီတို့၏အစ်ကို၊(ဦးဘာဘာ)-ဒေါ်သောင်းစိန်၊ ဒေါ်သိန်းကြည်တို့၏မောင်၊ ဦးအုန်းညွန့်-ဒေါ်စိန်ကြည်တို့၏ညီ၊ (ဦးကျော်သိန်း)-ဒေါ်သန်းနွဲ့၊ ဦးမောင်ကို(ဒေါ်လှမြင့်)၊တို့၏အစ်ကို၊ ဦးမြင့်ဌေး-ဒေါ်ခင်စုတို့၏ဦးလေး၊ ဒေါ်သန်းရီ၏ ခင်ပွန်း၊ မဖြူဖြူရှိန် (အဏ္ဏဝါလွှမ်းကုမ္ပဏီ)၏ဖခင်သည် ၂၃-၁၂-၂၀၀၃ရက် (အင်္ဂါနေ့) နံနက် ၁ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၀၃ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးညိုထွန်း
(ဗိသုကာ)
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ တိုက်အမှတ် ၁၅ (B/၄)နေ (ဒေါ်မြင့်မြင့်အောင်)၏ ခင်ပွန်း၊ (ဦးဉာဏ်ထွန်း)-ဒေါ်ညိုညိုတို့၏သား၊ (ဦးဖေအောင်-ဒေါ်မမကြီး)တို့၏ သားသမက်၊ ဦးသန်းအောင်-ဒေါ်မြမြဦး၊ (ဦးဇော်ထွန်း)-ဒေါ်ချိုချိုတို့၏ညီ၊ ဦးတင်အေး-ဒေါ်သက်သက်ထွန်း၊ ဦးချိုထွန်း-ဒေါ်စန်းစန်းအေး၊ ဦးနေထွန်း၊ ဦးမောင်မောင်အေး-ဒေါ်နီနီထွန်း၊ ဦးရဲဝင်း-ဒေါ်မော်မော်ထွန်းတို့၏အစ်ကို၊ မောင်ကျော်သီဟ-မဇင်မာထိုက်တို့၏ဖခင်၊ တူ တူမ ၁၃ ယောက်တို့၏ဘကြီးသည် ၂၃-၁၂-၂၀၀၃ရက် နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၁၂-၂၀၀၃ရက် နံနက် ၁၁း၀၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးဝေကျန်
B.A (မြန်မာစာ) Q
အလုပ်သင်ဗိုလ်လောင်းအပတ်စဉ်(၁၅)
အသက်(၃၈)နှစ်

ကျောက်ဖြူမြို့နေ ဦးမောင်ကျော်ဇော-ဒေါ်ကြာနုမတို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၂၈၊ ငါးလွှာ၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်နေ (ဗိုလ်ကြီးထင်ကျော်-ဒေါ်တင်ရီ)တို့၏ သားသမက်၊ ဒေါ်သီရိကျော် (J.A.T)၏ခင်ပွန်း၊ မောင်ဝေယံကျော် (IV-A၊ အထက-၁၊ လသာ)၏ဖခင်၊ ဦးစန်းမြင့်-ဒေါ်ဖြူဖြူတို့၏တူ၊ဦးချမ်းသာဦး-ဒေါ်ခင်ဦးတို့၏မောင်၊ မမိုးမိုး၊ မောင်ခင်မောင်သန်း၊ မမြင့်မြင့်ခင်၊ မမြင့်မြင့်ထွေးတို့၏အစ်ကိုသည် ၁၆-၁၂- ၂၀၀၃ ရက်(အင်္ဂါနေ့)မွန်းလွဲ ၁း၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ညနေ ၄း၂၀ နာရီတွင် သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်းခမည်းတော်၊ရဟန်းဒါယကာ
ဦးအိ
အသက်(၈၉)နှစ်

ရန်ကုန်တိုင်း၊ ဆိပ်ကမ်းမြို့နယ်၊ ဗိုလ်တထောင်၊ ကျိုက်ဒေးအပ်စေတီတော် ဩဝါဒါစရိယ၊ မြို့နယ် ဩဝါဒါစရိယ၊ ပရိယတ္တိကျောင်း ဆရာတော် ဘဒ္ဒန္တ မာလာဝံသ၏ရဟန်းခမည်းတော်၊ ရဟန်းဒါယကာ၊ ကြည့်မြင်တိုင်မြို့နယ်၊ အထက်ကြည့်မြင်တိုင်လမ်း၊ စကားဝါပင်လမ်းထိပ်၊ အမှတ် ၂၀၇နေ (ဒေါ်တဆုပ်)၏ခင်ပွန်း၊ ဦးတင်သောင်း (ဆသရ၊ ငြိမ်း)-(ဒေါ်တင်တင်အုန်း)၊ (ကိုစံတူး)-မဝါဝါ၊ ကိုအေးမြင့်-မသန်းထွေး၊ ကိုသန်းထွန်းအေး၊ မနှင်းယုမော် (ပန်းလှိုင် ဂေါက်ကွင်း)တို့၏ ဘကြီး၊ ဦးကျော်မင်း (ဆသရ၊ အဝေးဆက်)၊ ဒေါ်အိစန်း (ချောသယ်ဌာန၊ ဆသရ၊ ရန်ကုန်)၊ ဦးမြင့်စိုး(ရေနံဓာတု၊ ငြိမ်း)-ဒေါ်မြင့်မြင့်သန်း၊ ဦးဇော်ဝင်းထိန် (ဆသရ၊ ငြိမ်း)-ဒေါ်နွယ်နွယ် (ထ-၃၊ အင်းစိန်)၊ ဦးခင်ငြိမ်း(ဆသရ၊ ငြိမ်း)-ဒေါ်မြင့်မြင့်သန်း၊ ဦးလှရွှေ(တိုင်းရင်းဆေး)-ဒေါ်ဝေဝေမြင့်၊ကိုဘုန်းကြွယ် (ဆသရ၊ ငြိမ်း)၊ ဒေါ်ခင်ခင်ချိုတို့၏ဖခင်ကြီး၊ မြေး ၁၄ ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘိုးသည် ၂၀-၁၂-၂၀၀၃ရက် (စနေနေ့) မွန်းလွဲ ၂း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၂-၂၀၀၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင်ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်းဒါယကာ
ဦးစံသွင်
ကျိုက္ခမီ၊ မော်လမြိုင်
(မင်းသံလွင်စတိုး)
အသက်(၅၆)နှစ်

ဦးဇိနဘုရားဂေါပက ဦးငွေကိုင်-ဒေါ်အောင်ဖြူတို့၏သား၊ ဦးသောင်းဟန်-ဒေါ်မညွန့်တို့၏ သားသမက်၊ ဒေါ်သန်းမြင့်၏ခင်ပွန်း၊ ဦးငြိမ်းမောင်၊ ဦးထွန်းကြည်၊ ဦးလှသွင်၊ ဒေါ်ငြိမ်းမြတို့၏ညီ/မောင်၊ ကိုဝင်းနိုင်၊ မသီတာစိုး၊ ကိုမြတ်ထွန်းအောင်၊ မဥမ္မာစိုး၊ ဗိုလ်ကြီးထွန်းထွန်းဝင်း၊ မခင်နန်းစိုး၊ မသီဂီစိုး၊ မမေသန့်ဇင်တို့၏ဖခင်၊မြေးငါးယောက်တို့၏အဘိုးသည် ၂၃-၁၂-၂၀၀၃ရက် နံနက်တွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးစန်းလွင်
အသက်(၄၅)နှစ်

စစ်ကိုင်းတိုင်း၊ ကနီမြို့နယ်၊ စိုင်တဲရွာနေ ဦးထွန်းမြတ်-ဒေါ်အေးဒုတ်တို့၏သား၊ ရန်ကုန်မြို့နေ ဦးအောင်ထွန်း-ဒေါ်သန်းသန်းတို့၏သားသမက်၊ အမှတ် ၅၅၊ လေးလွှာ၊ ၁၃၆ လမ်း၊ မအုကုန်းရပ်ကွက်၊ တာမွေမြို့နယ်နေ ဒေါ်စန်းစန်းဝင်း (အမက-၂၇၊ တာမွေ)၏ ခင်ပွန်း၊ ဦးသံအုပ်-ဒေါ်သန်းစိန်၊ ဦးခင်အောင်-ဒေါ်ခင်စန်းတို့၏မောင်၊ ဦးအောင်စိုး-ဒေါ်နန်းမြထွေး၊ ဦးဌေးအောင်-ဒေါ်တင်တင်ဝင်း၊ ဦးစိုးရှိန်-ဒေါ်တင်တင်မြ၊ ဦးဇောဝင်း-ဒေါ်ရင်ရင်မြ၊ ဦးမောင်မောင်တင်-ဒေါ်ညွန့်ညွန့်ရီ၊ ဦးခင်စိုး၊ ဦးနေမျိုး-ဒေါ်အေးအေးမွန်တို့၏ ညီ/မောင်သည် ၂၃-၁၂-၂၀၀၃ရက် မွန်းလွဲ ၁း၁၅ နာရီတွင်ကွယ်လွန်သွားပါ၍ ၂၅-၁၂-၂၀၀၃ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကိုဇာလီသွင်
ဘူမိဗေဒကျောင်းသားဟောင်း
(84-88)
အသက်(၃၅)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ အမှတ် ၁၊ ရိပ်သာလမ်း၊ တိုက်(က)၊ အခန်း ၄၀၄ နေ (ဦးမြသွင်)-ဒေါ်အမာခင်(ခ)ဒေါ်တင်မိမိတို့၏ တစ်ဦးတည်းသောသား၊ ဒေါ်အမာရီ၏တူ၊ ဦးဇော်ဝင်း၊ ဒေါ်တင်မီသွင်တို့၏ မောင်လေး၊ ဦးဆင့်ပို (ကညန) - ဒေါ်တင်နန္ဒာ (ကညန)၊ ဒေါ်ခင်နန္ဒာတို့၏မောင်သည် ၂၂-၁၂-၂၀၀၃ရက် ညနေ ၃နာရီတွင် မိုးမခအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁၂-၂၀၀၃ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488



မန္တလာလက်တွန်း ထွန်စက်စက်ရုံကြည့်ရှု

ဒီဇင်ဘာ ၂၁ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စက်မှုဇုန် (၁)ရှိ မန္တလာလက်တွန်းထွန်စက် စက်ရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးစဉ်။

(သတင်း–ရှေ့ဖုံး)

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် လှည်းတန်းစင်တာ ဘိုးပိုင်ရိုက်သွင်းမင်္ဂလာ တက်ရောက်ချီးမြှင့်

လှည်းတန်းစင်တာသည် ကမာရွတ်မြို့နယ် ပြည်လမ်းနှင့်လှည်းတန်းလမ်းထောင့်ရှိ ၂၈ ထပ်မြင့်အဆောက်အအုံဖြစ်

ရန်ကုန် ဒီဇင်ဘာ ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အေးရှားဝေါလ်ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် လှည်းတန်းစင်တာ ဘိုးပိုင်ရိုက်သွင်းခြင်း လုပ်ငန်းစတင်သည့် မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းနှင့်လှည်းတန်းလမ်းထောင့်ရှိ လှည်းတန်းစင်တာ တည်ဆောက်မည့်မြေနေရာ၌ကျင်းပရာ မြို့တော်အိမ်ရာစီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အေးရှားဝေါလ်ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာနှင့် တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ■



မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီ ဥက္ကဋ္ဌ **နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အေးရှားဝေါလ်ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် လှည်းတန်းစင်တာ တည်ဆောက်ရန် ဘိုးပိုင်ရိုက်သွင်းခြင်း လုပ်ငန်းစတင်သည့် မင်္ဂလာ အခမ်းအနားတွင် ဘိုးပိုင်ရိုက်သွင်းခြင်းလုပ်ငန်းကို စက်ခလုတ်နှိပ်၍ စတင်ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါးနှင့် သမိုင်းပုံရိပ်လွှာ

"လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ဆုံးရှုံးမည့်အန္တရာယ်များကို ကာကွယ်ရန် တာဝန်သည် အမျိုးသားရေးတာဝန်ကြီးဖြစ်သည်နှင့်အညီ အမျိုးသားရေး အင်အားစုကြီးဖြစ်သည့် တပ်မတော်သည်...."

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး "လွတ်လပ်ရေးကို ဤသို့ ထိန်းသိမ်းကာကွယ်ခဲ့ရသည်" ကို စာမျက်နှာ (၈ နှင့် ၉)တွင် ဆက်လက် ဖော်ပြထားပါသည်။

(မြန်မာ့အလင်း)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အေးရှားဝေါလ်ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းနှင့် လှည်းတန်းလမ်းထောင့်၌တည်ဆောက်မည့် ၂၈ ထပ်မြင့် လှည်းတန်းစင်တာအဆောက်အအုံပုံစံငယ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ယနေ့ထုတ်စောင်ရေ
၂၀၂၄၆၉